# ကြေးမုံ The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့ (21-3-2013) (၇၄၃၁)


ဩစတြေးလျလုပ်ငန်းရှင်များအနေဖြင့် သဘာဝသယံဇာတများ အသုံးပြုခြင်း၊ အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စား။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဩစတြေးလျကုန်သွယ်ရေးကော်မရှင်အဖွဲ့နှင့်တွေ့ဆုံ

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၁၉ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီ ၁၅ မိနစ်တွင် ခေတ္တတည်းခိုသည့် အင်တာကွန်တီနင်တယ်ဟိုတယ် Albert Room၌ Australian Trade Commission (ဩစတြေးလျကုန်သွယ်ရေးကော်မရှင်)အဖွဲ့နှင့် တွေ့ဆုံသည်။(ယာပုံ)

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဩစတြေးလျ ကုန်သွယ်ရေးကော်မရှင် အမှုဆောင် အရာရှိချုပ် Mr.Bruce Gosper က ဩစတြေးလျကုန်သွယ်ရေးကော်မရှင်အဖွဲ့၏ နောက်ခံသမိုင်းကြောင်း၊ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ထိုကဲ့သို့ ရှင်းလင်းတင်ပြရာတွင် အမှုဆောင်အရာရှိချုပ်က ဩစတြေးလျလုပ်ငန်းရှင်များအနေဖြင့် သဘာဝသယံဇာတများ အသုံးပြုခြင်း၊ အခြေခံအဆောက်အအုံများဆောက်လုပ်ခြင်း၊ စိုက်ပျိုးရေးအခြေခံစီးပွားရေးလုပ်ငန်းများ၊ စားသောက်ကုန်လုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားပါကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ရေးဆွဲသည့် လုပ်ငန်းများတွင်လည်း အကူအညီပေးနိုင်ပါကြောင်းဖြင့် ထည့်သွင်း ဆွေးနွေးသွားခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံတွင်ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် နိုင်ငံရေး တည်ငြိမ်မှုများ ရရှိအောင် ဆောင်ရွက်နေမှုအခြေအနေ၊ လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများရေးဆွဲပြဋ္ဌာန်းမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻





# ကြယ်တံခွန်လေ့လာရေး လေကြောင်းခရီးစဉ်စတင်

ဘာသာပြန် - သတင်းလုလင်

ဘွန်း မတ် ၂၀

ဂျာမနီနိုင်ငံ ဘွန်းမြို့အခြေစိုက် ခရီးသွားလုပ်ငန်းကုမ္ပဏီဖြစ်သော အီးကလစ်ထရာဘယ်လ်ကုမ္ပဏီသည် အဲဘာလင်လေကြောင်းမှ လေယာဉ်များကို အသုံးပြုကာ ကြယ်တံခွန်လေ့လာရေးခရီးစဉ်များအတွက် ဝန်ဆောင်မှုလုပ်ငန်း စတင်လိုက်ပြီဖြစ်ကြောင်း ဂျာမန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အာကာသအတွင်း စူးစမ်းလေ့လာရန်စိတ်ဝင်စားသူ ခရီးသည်များသည် ဘိုးရင်း ၇၃၇-၇၀၀ အမျိုးအစား လေယာဉ်ဖြင့်လိုက်ပါကာ အမြင့်ပေ ၃၆၀၀၀ (မီတာ ၁၁၀၀၀)မှနေ၍ ကြယ်တံခွန်ကို ကြည့်ရှုနိုင်မည် ဖြစ်သည်။

အဆိုပါခရီးသွားလုပ်ငန်း ကုမ္ပဏီသည် ကြယ်တံခွန်လေ့လာရေးပထမဆုံးသော လေကြောင်းခရီးစဉ်ကို မတ် ၁၆ ရက်တွင် စတင်ခဲ့သည်။

ကြယ်တံခွန်လေ့လာရေး ပထမဆုံးသော လေကြောင်းခရီးစဉ်အတွက် ခရီးသည် ၈၈ ဦးကို လိုက်ပါခွင့်ပြုခဲ့သည်။

ယခုနှစ်အတွင်း ကမ္ဘာအနီးအပါးမှ ကြယ်တံခွန်နှစ်စင်းဖြတ်သန်းမည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားပြီး ကြယ်တံခွန်ကို ပိုမိုနီးကပ်သည့်အကွာအဝေးမှ ကြည့်ရှုလေ့လာနိုင်ရန် လေကြောင်းခရီးစဉ်များ ပံ့သန်းပေးမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖


ယနေ့ မာတိကာ

ပတ်ဝန်းကျင်ဂေဟစနစ် ထိခိုက်မှုမရှိသော စားသုံး စိုက်သူ အန္တရာယ်ကင်းသည့် စိုက်ပျိုးထုတ်လုပ်မှုမျိုး လိုအပ် စာမျက်နှာ ➤ ၁၁

၂၀၁၃ ခုနှစ်အတွက် တိုနီဆုပေးပွဲအခမ်းအနားကို ရေဒီယိုစီးတီးဂီတခန်းမတွင် ပြန်လည်ကျင်းပမည် စာမျက်နှာ ➤ ၁၂

ကမ္ဘာ့ဖလားဥရောပဇုန် ခြေစစ်ပွဲ ရင်ခုန်သံ စာမျက်နှာ ➤ ၁၃




ကြေးမုံ စာတည်းရှုထောင့် **၂၁-၃-၂၀၁၃၊ ကြာသပတေးနေ့**

# ယာဉ်အန္တရာယ် စုပေါင်းကာကွယ်ပါ

မြန်မာနိုင်ငံတွင် လွတ်လပ်စွာဆောင်ရွက်နိုင်သည့် ဈေးကွက်စီးပွားရေးစနစ်အရ နိုင်ငံတစ်ဝန်းတွင် မော်တော်ယာဉ်မျိုးစုံတို့ကို ဝယ်ယူတင်သွင်းပြီး လွတ်လပ်စွာ အသုံးပြုနေကြပြီဖြစ်သည်။

ထို့ကြောင့် လူတန်းစားမရွေး မော်တော်ယာဉ်စီးနင်းခွင့်ရသည့် အကျိုးရလဒ်များ ဖြစ်ထွန်းလာသကဲ့သို့ အခြားတစ်ဖက်တွင် များပြားလာသော မော်တော်ယာဉ်အရေအတွက်နှင့်အတူ ယာဉ်မတော်တဆမှုများလည်း တစ်နေ့တခြား တိုးပွားလာသည်။

လက်ရှိတွင် တစ်နိုင်ငံလုံးအတိုင်းအတာအရ ယာဉ်စီးရေ သုံးသန်းနှစ်သိန်းကျော်ရှိနေပြီး အထူးသဖြင့် ရန်ကုန်မြို့တွင် ယာဉ်စီးရေအများဆုံး အသုံးပြုမောင်းနှင်နေကြသည်ကို တွေ့ရသည်။

ယာဉ်စီးရေများပြားလာခြင်းနှင့်အတူ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့ကို ထိန်းကျောင်းကြပ်မတ်ရန်နှင့် လိုက်နာရန်အထူးလိုအပ်လာသည်။ လက်ရှိတွင် ကြပ်မတ်မှု၊ စည်းကမ်းထုတ်ပြန်မှုများကြားမှ လိုက်နာမှုအားနည်းနေသေးသည်ကို တွေ့ရသည်။

လိုက်နာမှုအားနည်းခြင်းကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများမှာ တစ်နေ့တခြား တိုးပွားနေဆဲဖြစ်သည်။

နေရာတွင် သေဆုံးမှုများရှိသလို အရေးပေါ် ကယ်ဆယ်ကုသစောင့်ရှောက်နိုင်မှု အားနည်းနေသေးသောကြောင့် ဒဏ်ရာရသူများအနက်မှ မသေဆုံးသင့်ဘဲ သေဆုံးရသူများလည်းရှိသည်။

မြန်မာနိုင်ငံတွင် လူဦးရေသန်းပေါင်း ၆၀ခန့်ရှိပြီး ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အားမှာ ၁၅၀၀ ခန့်သာရှိသဖြင့် လူဦးရေ ၄၅၀၀၀ ခန့်တွင် ယာဉ်ထိန်းတစ်ဦးနှုန်းမျှသာရှိသည်။

မြန်မာနိုင်ငံတွင် မောင်းနှင်သွားလာနေသည့် ယာဉ်စီးရေ သုံးသန်းနှစ်သိန်းကျော်ရှိပြီး ယာဉ်ထိန်း ၁၅၀၀နှင့် အချိုးချကြည့်လျှင် ယာဉ်စီးရေ ၂၅၀၀ လျှင် ယာဉ်ထိန်းတစ်ဦး ထိန်းကျောင်းနေရသည်ကို တွေ့ရသည်။

လမ်းစနစ်၊ ယာဉ်စနစ်၊ လိုက်နာရမည့် စည်းကမ်းစနစ်များ မည်မျှကောင်းမွန်အောင် ဆောင်ရွက်နေစေသော်လည်း အသိတရားနှင့်လိုက်နာမှု အားနည်းနေသရွေ့ ယာဉ်အန္တရာယ်မှာ နေ့စဉ်ကြုံတွေ့နေရမည်သာဖြစ်သည်။

ထိုသို့ အသိတရားအားနည်းနေသေးသဖြင့် ထိန်းကျောင်းအရေးယူမှုများအား တိုးမြှင့်ဆောင်ရွက်ပါသော်လည်း ၁၅၀၀ မျှသောအားနှင့် သန်းနှင့်ချီသောဝန်မှာမမျှသဖြင့် ထိရောက်အောင် မဆောင်ရွက်နိုင်ခြင်းဖြစ်သည်ဟု ဆိုရမည် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအသီးသီး၌ ဖော်ဆောင်လျက်ရှိရာ အများပြည်သူ ထိတွေ့ဆက်ဆံမှုအများဆုံးနယ်ပယ်မှာ သွားလာပို့ဆောင်ဆက်သွယ်မှု နယ်ပယ်ဖြစ်သည်။ ထိုကဏ္ဍကို ပီပြင်အောင်ဆောင်ရွက်နိုင်လျှင် အောက်မြင်မှုတစ်ဝက်ကျိုးပြီဟု ဆိုရမည်ဖြစ်သည်။

ပြည်သူများအပိုင်းတွင် အသိတရားနှင့် လိုက်နာမှုများကို ပိုမိုကျယ်ပြန့်စွာ သိရှိခံယူတတ်ရန်လိုအပ်သကဲ့သို့ ထိန်းကျောင်းမှုအပိုင်းတွင်လည်း ပိုမိုကြပ်မတ်ထိန်းကျောင်းရန် လိုအပ်မည်ဖြစ်သည်။

ထိန်းကျောင်းမှု အင်အားပမာဏမှာ ၁၅၀၀ မျှသာရှိသဖြင့် ဆင်နှင့်ပုရွက်ဆိတ် ပမာဏသာရှိ၍ အင်အားတိုးချဲ့ဆောင်ရွက်ရန်လိုသကဲ့သို့ ထိန်းကျောင်းလိုသောသူများ မွေးထုတ်ပေးနိုင်ရန်အတွက် လိုအပ်သော ပံ့ပိုးဖြည့်ဆည်းပေးမှုများလည်း ပြည့်စုံနေရမည်ဖြစ်သည်။

နိုင်ငံတကာတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသာမက မြို့ပြလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးတို့ကို ဆောင်ရွက်ရာတွင် လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး တာဝန်ရှိသူများကို တစ်လံတွင် တစ်ယောက်ထားရှိတတ်သည်ကို တွေ့ရပေသည်။

ထိုသို့ထားရှိခြင်းကြောင့် ဖြစ်ပွားလျှင် ဖြစ်ပွားခြင်း အချိန်မီ ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်နိုင်သကဲ့သို့ စည်းကမ်းမလိုက်နာလျှင် ပြစ်ဒဏ်ကျရောက်မည်ကို သိရှိကြသော ပြည်သူများကလည်း စည်းကမ်းကိုမဖြစ်မနေ လိုက်နာကြလေသည်။

အသိတရားနှင့် လိုက်နာမှုအားနည်းနေသေးလျှင် ကြပ်မတ်ထိန်းကျောင်းမှုမှာ ပို၍လိုလာလေဖြစ်သည်။ ထိန်းကျောင်းမှုနှင့်အတူ အသိတရားမှာ ကပ်ပါလာမည်ဖြစ်၍ နောင်တစ်ချိန်အသားကျလာသောအခါတွင် ထိန်းကျောင်းရန် မလိုအပ်တော့သည့် နိုင်ငံကြီးသားများဖြစ်လာပေလိမ့်မည်။

သို့ဖြစ်ရာ လက်ရှိကြုံတွေ့နေရသော ယာဉ်အန္တရာယ်ကို ကာကွယ်နိုင်ရေးအတွက် ကြပ်မတ်ထိန်းကျောင်းမှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်ပြီး ပြည်သူများကလည်း စုပေါင်းပါဝင်မှ ယာဉ်အန္တရာယ်ကို အောင်မြင်စွာ ကာကွယ်နိုင်မည်ဖြစ်ပါသည်။ ။

## သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များအသုံးပြုနိုင်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်တင်ပို့နိုင်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၀**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား The Asia and Pacific Seed Association မှ Vice President Sales Asia Mr. Jack METZELAAR ဦးဆောင်သည့် အဖွဲ့ဝင် ၃၀ သည် ယမန်နေ့ ညနေ ၄ နာရီတွင် အဆိုပါ ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာ၊ သွင်းအားစုနှင့် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး၊ တန်ဖိုးမြှင့် ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရေးကိစ္စရပ်များ၊ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်အလားအလာများကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ဘဏ္ဍာငွေရသုံးစာရင်းများ ပြုစုရေးဆွဲထိန်းသိမ်းခြင်းဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်း အထူးမွမ်းမံသင်တန်း သင်တန်းဆင်း

**နေပြည်တော် မတ် ၂၀**

နိုင်ငံတော်ဘဏ္ဍာငွေနှင့် နိုင်ငံတော်ပိုင်ပစ္စည်းများ စနစ်တကျ ကိုက်ညီစွာ အသုံးပြုနိုင်ခြင်းအားဖြင့် မလိုအပ်သော လေလွင့်ဆုံးရှုံးမှု၊ အလွဲသုံးစားမှုများကို ကာကွယ်သွားကြရန်နှင့် လုပ်ငန်းတာဝန်များ ထမ်းဆောင်ကြရာတွင် ရိုးဖြောင့်မှန်ကန်စွာ တစ်ဦးချင်းဌာနအလိုက် ဂုဏ်သိက္ခာစောင့်ထိန်း၍ ကျင့်ကြံကြိုးစားဆောင်ရွက်ကြရန် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မတ် ၁၇ ရက် နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန စုဝေးဆောင်၌ ကျင်းပသည့် ဘဏ္ဍာငွေရသုံးစာရင်းများ ပြုစုရေးဆွဲ ထိန်းသိမ်းခြင်းဆိုင်ရာ ဘဏ္ဍာရေးစည်းမျဉ်းအထူးမွမ်းမံသင်တန်းဆင်းပွဲအခမ်းအနားတွင် ပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်ခဲ့ကြပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ပညာရှင်များက လာရောက်ပို့ချခဲ့ကြကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

## မြန်မာရေကူးအဖွဲ့ ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၄ ခုနှင့် ကြေးတံဆိပ် လေးခုဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်

**ရန်ကုန် မတ် ၂၀**

စင်ကာပူနိုင်ငံ၌ မတ် ၁၅ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် 44th Singapore National Age Group Swimming Championship 2013 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်မှ ဦးမောင်မောင်စိန် ခေါင်းဆောင်သည့် ရေကူးအားကစားအဖွဲ့သည် မတ် ၁၉ ရက် ညနေ ၃ နာရီ မိနစ် ၄၀ တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အဆိုပါပြိုင်ပွဲ၏ ဂျူနီယာတန်း၌ မောင်အံ့ခေါင်ထွဋ်က မီတာ(၁၀၀) ပက်လက်ကူးပြိုင်ပွဲတွင် ရွှေတံဆိပ် တစ်ခုနှင့် မီတာ(၂၀၀) အလွတ်တန်း၊ မီတာ(၂၀၀)လေးမျိုးကူး၊ မီတာ(၅၀)ပက်လက်ကူးနှင့် မီတာ(၁၀၀)ရင်ပေါင်ကူးပြိုင်ပွဲများတွင် ငွေတံဆိပ် လေးခု၊ မအင်ကြင်းကေခိုင်က မီတာ(၅၀)အလွတ်ကူးပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ မီတာ(၁၀၀) ရင်ပေါင်ကူး၊ မီတာ(၅၀)လိပ်ပြာကူးနှင့် မီတာ(၅၀) ရင်ပေါင်ကူးတို့တွင် ကြေးတံဆိပ် သုံးခု၊ မခန့်ခန့်စုစံက မီတာ(၂၀၀)အလွတ်ကူး၊ မီတာ(၂၀၀)လေးမျိုးကူးနှင့် မီတာ(၁၀၀) လိပ်ပြာကူးတို့တွင် ရွှေတံဆိပ်သုံးခု၊ မီတာ(၁၀၀)ရင်ပေါင်ကူး၊ မီတာ(၅၀)လိပ်ပြာကူး၊ မီတာ(၁၀၀) အလွတ်ကူး၊ မီတာ(၅၀)ရင်ပေါင်ကူး၊ မီတာ(၁၀၀) ပက်လက်ကူးနှင့် မီတာ(၅၀)ပက်လက်ကူးတို့တွင် ငွေတံဆိပ်ခြောက်ခုနှင့် မီတာ(၅၀)အလွတ်ကူးတွင် ကြေးတံဆိပ်တစ်ခု၊ မဆုမိုးသိမ့်စံက မီတာ(၅၀)ပက်လက်ကူး၊ မီတာ(၅၀)အလွတ်ကူး၊ မီတာ(၅၀)လိပ်ပြာကူး၊ မီတာ(၅၀)ရင်ပေါင်ကူး၊ မီတာ(၁၀၀)အလွတ်ကူး၊ မီတာ(၁၀၀) ပက်လက်ကူးနှင့် မီတာ(၁၀၀)ရင်ပေါင်ကူးတို့တွင် ရွှေတံဆိပ် ခုနစ်ခုနှင့်မီတာ(၁၀၀)လိပ်ပြာကူး၊ မီတာ(၂၀၀) အလွတ်ကူးနှင့် မီတာ(၂၀၀)လေးမျိုးကူးတို့တွင် ငွေတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့ပြီးဆုတံဆိပ်စုစုပေါင်း ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၄ ခု၊ ကြေးတံဆိပ် လေးခုဖြစ်ရာ အသင်းလိုက် ၂၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ရာတွင် အမှတ်ပေါင်း ၂၅၄ မှတ်ဖြင့် အဆင့်(၇)ရရှိခဲ့ကြောင်း သိရသည်။

**အောင်ကျော်ဝင်း(ကြေးမုံ)**

**မတ် ၂၀ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁) အထက စာဖြေဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဇီဝဗေဒဘာသာရပ်ကို ဖြေဆိုပြီး ဝမ်းမြောက်ပျော်ရွှင်လျက်ရှိသော ကျောင်းသားကျောင်းသူများအား တွေ့ရစဉ်။**
(၆၉၄)






ပြည်တွင်းရေးရာ




※ နိုင်ငံတော်သမ္မတမှ

သြစတြေးလျလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်နိုင်မည့် အလားအလာများကို သုံးသပ်ပြောကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် Asia Link အဖွဲ့မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဂုဏ်ပြုညစာစားပွဲတွင် Asia Link အဖွဲ့ဥက္ကဋ္ဌ Mr. Sid Myer က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံ၏စီးပွားရေး ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်သည့်မိန့်ခွန်း ပြောကြားခဲ့သည်။**(ဝဲပုံ)**

Asia Link အဖွဲ့သည် ၁၉၉၀ ပြည့်နှစ်တွင် Myer Foundation က တည်ထောင်ခဲ့သည့် သုတေသနအဖွဲ့အစည်းဖြစ်ပြီး အာရှဒေသနှင့် သြစတြေးလျနိုင်ငံတို့မှ နိုင်ငံရေး၊ စီးပွားရေး၊ပညာရေးကဏ္ဍ မူဝါဒချမှတ်သူများ အချင်းချင်း အပြန်အလှန်ဆက်သွယ် ပူးပေါင်းဆောင်ရွက်နိုင်ရန် ကူညီပေးနေသည့် အကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်သည်။ **(သတင်းစဉ်)**

❖ ကြယ်တံခွန်မှ

အီးကလစ်ထရာဘယ်လ်ကုမ္ပဏီသည် စင်းလုံးငှားလေကြောင်းကုမ္ပဏီ အဲဗာတနာနှင့် အဲဘာလင် လေကြောင်းဌာနတို့နှင့် ပူးပေါင်းကာ အထူးလေကြောင်း ခရီးစဉ်တစ်ရပ်ကို မတ် ၁၆ ရက်တွင် စတင်ခဲ့သည်။

Pan-STARRS ဟု အမည်ပေးထားသော ကြယ်တံခွန်သည် ကမ္ဘာမှ မိုင် သန်း ၁၀၀ အကွာ နေစကြဝဠာအတွင်း ဖြတ်သန်းမည်ဟု သိပ္ပံပညာရှင်များက ဖြေကြားခဲ့ကြသည်။

ကမ္ဘာအနီးအပါးမှ ကြယ်တံခွန် ဖြတ်သန်းသော နောက်ဆုံးဖြစ်ရပ်မှာ ၁၉၉၇ ခုနှစ်က ပေါ်ပေါက်ခဲ့သည်။ ထိုစဉ်က Hale-Bopp ဟု အမည်ပေးထားသော ကြယ်တံခွန်ကို ညဘက် ကောင်းကင်ပြင်အတွင်း တွေ့မြင်ခဲ့ကြရသည်။

၂၀၀၇ ခုနှစ်ကလည်း 17p/ Holmes ဟု အမည်ပေးထားသော ကြယ်တံခွန်တစ်လုံးကို ခေတ္တခဏကြာမျှ တွေ့မြင်ခဲ့ကြရသည်။

ကြယ်တံခွန်လေ့လာရေး ခရီးစဉ်အတွက် လေယာဉ်လက်မှတ်ခ ဈေးနှုန်းမှာ ဒေါ်လာ ၂၄၀ မှ ၆၆၃ ဒေါ်လာ အထိရှိသည်။

ယခုနှစ် နိုဝင်ဘာလအတွင်း ကမ္ဘာအနီးမှ Ison အမည်ရှိ ကြယ်တံခွန် ဖြတ်သန်းမည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။ ***(DW Radio)***

## လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအတွင်း ကျေးရွာများတွင် မြေယာလျော်ကြေး ဆက်လက်ပေးအပ်

**နေပြည်တော် မတ် ၂၀**

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီမှ သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့သည် မြေယာလျော်ကြေးငွေများကို ဆက်လက်ထုတ်ပေးလျက်ရှိရာ မတ် ၁၉ ရက်တွင် တောင်သူ ၄၃ ဦးအတွက် လျော်ကြေးငွေကျပ် ၁၁၄၂ သိန်း ထုတ်ပေးခဲ့သည်။ မတ် ၁၆ ရက်မှ ၁၉ ရက်အထိ ဖောင်းကတာ၊ ရွာရှည်၊ လက်ပံတောင်း၊ တုံ၊ တောင်ပလူ၊ မိုးကြိုးပြင်ကျေးရွာအုပ်စု(၆)စုတွင် လျော်ကြေးငွေကျပ် ၉၅၈၉ သိန်းကျော် ထုတ်ပေးခဲ့ပြီးဖြစ်သည်။ မြေယာလျော်ကြေးငွေများထုတ်ပေးရာတွင် တစ်ဧကငါးသိန်းသာပေးသဖြင့် ထုတ်ယူခြင်းမပြုရန်၊ ယခုလျော်ကြေးငွေထက် နောက်ထပ်တိုး၍ ရရှိဦးမည်ဖြစ်သဖြင့် ထုတ်ယူ၍မပြုရန် ကျေးရွာများတွင် ကောလာဟလများ ထုတ်လွှင့်လျက်ရှိကြောင်း သတင်းရရှိသည်။

သိမ်းဆည်းမြေယာများစိစစ်ရေးအဖွဲ့အနေဖြင့် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင် ဖော်ပြပါရှိသည့် မြေ၏ဒေသကာလတန်ဖိုးအတိုင်း တစ်နှစ်လျှင် နှစ်သီးစိုက် ဆည်ရေသောက် တစ်ဧကနှုန်း ကျပ် ၁၅ သိန်း၊ တစ်နှစ်လျှင် နှစ်သီးစိုက် မြစ်ရေတင် တစ်ဧကနှုန်း ကျပ် ၁၅ သိန်း၊ မိုးကောင်းသောက်လယ်မြေ တစ်ဧကနှုန်း ကျပ် ၁၂ သိန်း၊ တစ်နှစ်လျှင် နှစ်သီးစိုက် ယာမြေတစ်ဧကနှုန်း ကျပ် ၁၀ သိန်း၊ တစ်နှစ်လျှင် တစ်သီးစိုက်ယာမြေ (ဦးပိုင်ပေါက်) တစ်ဧကနှုန်း ကျပ် ခုနစ်သိန်း၊ တစ်နှစ်လျှင် တစ်သီးစိုက်ယာမြေ(ဦးပိုင်မပေါက်) တစ်ဧကနှုန်းကျပ် ငါးသိန်း နှုန်းဖြင့် ထုတ်ပေးလျက်ရှိသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင် လယ်ယာမြေသိမ်းဆည်းခံရသူများ၊ ကျေးရွာပြောင်းရွှေ့ ခံရသူများအတွက် တည်ဆဲဥပဒေ(၁၉၈၄ မြေသိမ်းအက်ဥပဒေ ပုဒ်မ ၄ (၁)၊ ပုဒ်မ ၁၅၊ ပုဒ်မ ၂၃ (၁)တို့အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့တွင် ထိုမြေ၏ကာလတန်ဖိုးဖြင့် မြေလျော်ကြေးပေးအပ်ခဲ့ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် အမှန်တကယ်စိုက်ပျိုးထားသော လယ်မြေ ၃၉ ဒသမ ၉ ဧက၊ ယာမြေ ၅၀၁၇ ဒသမ ၁ ဧကနှင့် ဦးပိုင်မပေါက်သော်လည်း စိုက်ပျိုးထားမြေ ၁၇၂၇ ဧက စုစုပေါင်း ၆၇၈၄ ဧကကို သင့်လျော်သောကာလပေါက်ဈေးနှုန်းဖြင့် ပြန်လည်ပေးသင့်ပါကြောင်း အကြံပြုထားသည်။ **(သတင်းစဉ်)**

## ဒလမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ စိတ်ချမ်းမြေ့စွာဖြေဆို

**ဒလ မတ် ၂၀**

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဒလမြို့၌ ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာဖြင့် ဖြေဆိုလျက်ရှိကြောင်း၊ မတ် ၁၉ ရက်က စာမေးပွဲဖြေဆိုပြီး ကျောင်းသား ကျောင်းသူများအား စိတ်ချမ်းမြေ့ဖွယ် တွေ့မြင်ခဲ့ရသည်။**(အောက်ပုံ)**

ဒလမြို့နယ်တွင် စာစစ်ဌာနခြောက်ခုတွင် ကျောင်းသား ကျောင်းသူပေါင်း ၂၃၁၄ ဦးဖြေဆိုလျက်ရှိပြီး ရန်ကုန်ဆေးရုံကြီးတွင် ပျော်ဘွယ်ကြီးစာစစ်ဌာနမှ ကျောင်းသားတစ်ဦး၊ အလက (၃)စာစစ်ဌာနမှ ကျောင်းသူတစ်ဦး ဖြေဆိုလျက်ရှိကြောင်း သိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့်ကာလတွင် လျှပ်စစ်မီးပြတ်တောက်ခြင်း မရှိခြင်း၊ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် ဘိလိယက်ခုံများတွင် ကျယ်လောင်စွာသီချင်းဆိုခြင်းနှင့် ဆူညံအော်ဟစ်ခြင်း မပြုလုပ်ရန် မြို့နယ်တာဝန်ရှိသူများက တားမြစ်ထားသည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် မိဘများမှာ စိတ်ချမ်းမြေ့လျက်ရှိကြောင်း သိရသည်။ **မင်းရဲမာန်(နေပြည်တော်)**

ဥတုရာသီ တောကိုမှီ၍



## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၁-၃-၂၀၁၃(ကြာသပတေးနေ့)**

၇း၀၃ တရားတော်
၇း၁၅ ဓမ္မပူဇာတေး
၈း၁၀ ဇာတ်လမ်းတို
၄း၃၅ မွေးမြူသုတ
၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-"အမေ့အပြုံး(အပိုင်း-၈၉)
၆း၃၅ ကာတွန်းအစီအစဉ်
-"အာကာသသူရဲကောင်းလေးများ"
(အပိုင်း-၈၃)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-"ရွှေရောင်လွှမ်းမယ့် တို့မနက်ဖြန်"
(အပိုင်း-၁၆)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-ဘယ်သူကိုယ့်လောက်သိလဲ
-ယနေ့ညအတွက် မြဝတီ၏
တေးလက်ဆောင်
-(၆၈)နှစ်မြောက် တပ်မတော်နေ့
ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း
"သူရဲကောင်းများထွန်းကားသည်"
(ဒုတိယပိုင်း)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ဂုဏ်ရည်မတူ"(အပိုင်း-၇၇)




# ဘင်္ဂလားဒေ့ရှ် သမ္မတ မိုဟာမက် ဇီလာရာမန် ကွယ်လွန်



**ဒါကာ မတ် ၂၀**

ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မိုဟာမက်ဇီလာရာမန်သည် အဖျားရောဂါဖြင့် စင်ကာပူနိုင်ငံဆေးရုံတစ်ခုတွင် မတ် ၂၀ ရက်က ကွယ်လွန်သွားပြီဖြစ်သည်။

ဘင်္ဂလားဒေ့ရှ် သမ္မတရုံးအတွင်းရေးမှူး မိုဟာမက်ရှာဖီယူလ်အလမ်က အဖျားရောဂါစွဲကပ်ခံစားနေရသော သမ္မတဇီလာရာမန်(၈၃နှစ်)သည် ဘင်္ဂလားဒေ့ရှ် စံတော်ချိန် ညနေ ၄ နာရီ ၄၇ မိနစ်တွင် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း ဆင်ဟွာသတင်းဌာနသို့အတည်ပြု ပြောကြားသည်။

သမ္မတ ဇီလာရာမန်သည် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံသို့ မတ် ၁၀ ရက်ကတည်းက အရေးပေါ်လေယာဉ်ဖြင့် လာရောက်၍ ဆေးဝါးကုသမှုခံယူနေသူဖြစ်သည်။

အသက် (၈၃)နှစ်ရှိ ဝါရင့်နိုင်ငံရေးသမား ဇီလာရာမန်သည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာ အထွေထွေရွေးကောက်ပွဲတွင် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ဟာဆီနာ၏ ဘင်္ဂလားဒေ့ရှ် အဝါမီလိဂ်ပါတီက မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိပြီးနောက် ၂၀၀၉ ခုနှစ်တွင် သမ္မတဖြစ်လာသူဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ရှိတ်ဟာဆီနာနှင့် လွှတ်တော်ဥက္ကဋ္ဌ အဗ္ဗဒူလ်ဟာမစ်တို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ (၁၉)ယောက်မြောက် သမ္မတ ဇီလာရာမန် ကွယ်လွန်မှုအတွက် အလွန် ဝမ်းနည်းကြေကွဲရပါကြောင်း ထုတ်ဖော်ပြောကြားကြသည်။ **ဆင်ဟွာ။**

# အင်ဒိုနီးရှား၌ လိုကွန်မီးတောင် ပေါက်ကွဲ

**ဂျကာတာ မတ် ၂၀**

အင်ဒိုနီးရှားနိုင်ငံအရှေ့ပိုင်း မြောက်ဆူလာဝေဆီဒေသရှိ လိုကွန်မီးတောင်သည် မတ် ၂၀ ရက်က ပေါက်ကွဲရာ အမြင့်မီတာ ၂၀၀၀ အထိ ပြာမှုန်များကို မှုတ်ထုတ်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

မတ် ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၇နာရီ ၅၇ မိနစ်တွင် မီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး တောင်စောင်းတစ်လျှောက် ချော်ရည်များစီးဆင်းလာခဲ့ကြောင်း မီးတောင်လေ့လာရေးဌာနအကြီးအကဲ ခရစ္စတီယာနိုက ပြောကြားသည်။ မီးတောင်ထိပ်ဝမှ ၂ ဒသမ ၅ ကီလိုမီတာ ပတ်လည်အကွာအဝေးအတွင်းနယ်မြေသို့ ကမ္ဘာလှည့်ခရီးသည်များနှင့် ဒေသခံများ ဝင်ရောက်ခြင်းမပြုရန် တားမြစ်ပိတ်ပင်ထားသည်။

မီးတောင်ပေါက်ကွဲမှုဖြစ်ပွားသော်လည်း ဒေသခံပြည်သူများအား ရွှေ့ပြောင်းပေးရခြင်း မရှိကြောင်း ခရစ္စတီယာနိုက ပြောကြားသည်။ လိုကွန်မီးတောင်သည် ၂၀၁၁ခုနှစ် ဇွန်လကုန်မှစ၍ မီးတောင်ဆိုင်ရာလှုပ်ရှားမှု စတင်ခဲ့သည်။ **ဆင်ဟွာ။**



အင်ဒိုနီးရှားနိုင်ငံ မြောက်ဆူလာဝေဆီဒေသရှိ လိုကွန်မီးတောင် ပေါက်ကွဲစဉ်။



သမားရိုးကျလက်နက်များ ဥပဒေမဲ့ရောင်းဝယ်မှု အဆုံးသတ်ရေးဆိုင်ရာ ဆွေးနွေးပွဲ ကျင်းပစဉ်။

# သမားရိုးကျလက်နက်များ ဥပဒေမဲ့ရောင်းဝယ်မှု အဆုံးသတ်ရေး နိုင်ငံတကာစာချုပ်ရေးဆွဲရန် ဆွေးနွေးပွဲစတင်

**နယူးယောက် မတ် ၂၀**

သမားရိုးကျ လက်နက်များအား ဥပဒေမဲ့ ရောင်းဝယ်မှုအဆုံးသတ်စေမည့် နိုင်ငံတကာစာချုပ်တစ်ရပ် ပေါ်ထွန်းလာစေရန် ကုလသမဂ္ဂအဖွဲ့ဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၅၀ ခန့်မှ ဆွေးနွေးရေးမှူးများသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် မတ် ၁၉ရက်က စုဝေးခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ကမ္ဘာတစ်ဝန်းတွင် လက်နက်ကိုင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် တစ်မိနစ်လျှင် လူတစ်ဦးနှုန်း သေဆုံးနေရသည့် ယနေ့ကာလတွင် လက်နက်များနှင့် ခဲယမ်းမီးကျောက်များ အထိန်းအချုပ်ကင်းမဲ့စွာ ရောင်းဝယ်နေမှုများ အဆုံးသတ်ရန် လိုအပ်ကြောင်း လက်နက်ထိန်းချုပ်ရေး လှုပ်ရှားသူများနှင့် လူ့အခွင့်အရေးရှေ့နေများက ပြောကြားကြသည်။

သမားရိုးကျလက်နက်များအား ကမ္ဘာတစ်ဝန်း ရောင်းဝယ်နေသည့်ကုန်သွယ်ရေးလုပ်ငန်းမှာ ဒေါ်လာ ၇၀ဘီလီယံဖိုးရှိပြီး ဥပဒေမဲ့ လက်နက်ရောင်းချမှုပိတ်ပင်ရေး နိုင်ငံတကာစာချုပ်တစ်ရပ် ပေါ်ထွန်းလာစေရေးအတွက် ဆွေးနွေးပွဲများ ပြန်လည်ကျင်းပရန် ကုလသမဂ္ဂအထွေထွေညီလာခံက ဒီဇင်ဘာလတွင် မဲပေးဆုံးဖြတ်ခဲ့သည်။

လက်ရှိကျင်းပလျက်ရှိသော ဆွေးနွေးပွဲကို မတ် ၂၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **ရိုက်တာ။**

# တူရကီတွင် ဆေးခြောက် ၁၀၄၂ ကီလိုဂရမ် သိမ်းဆည်းရမိ

**အန်ကာရာ မတ် ၂၀**

တူရကီနိုင်ငံ မြို့တော်အန်ကာရာတွင် ဆေးခြောက် ၁၀၄၂ ကီလိုဂရမ်ကို တူရကီရဲတပ်ဖွဲ့က မတ် ၁၉ ရက်တွင် သိမ်းဆည်းရမိကြောင်း မတ် ၂၀ ရက် သတင်းတွင် ဖော်ပြသည်။

မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်ဖောက်ကားနေသည်ဟု သံသယရှိသော နေရာခုနစ်နေရာနှင့် အန်ကာရာမြို့နေရာအချို့တွင် တူရကီရဲတပ်ဖွဲ့က ဝင်ရောက်စီးနင်းရှာဖွေခဲ့သည်။ တူရကီနိုင်ငံကို ဖြတ်သန်းကာ မူးယစ်ဆေးဝါး သယ်ဆောင်လျက်ရှိကြောင်း၊ အာရှနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှ တရားမဝင် မူးယစ်ဆေးဝါးများကို ဥရောပသို့ ပို့ဆောင်ရာတွင် အသုံးပြုသောလမ်းကြောင်းဖြစ်ကြောင်း အနာတိုလီယာသတင်းဌာနက ဖော်ပြသည်။ **ဆင်ဟွာ။**






SHINE Construction Co., Ltd.
(Member of Shine Group of Companies)

၁။ အောက်ဖော်ပြပါလုပ်ငန်းများအတွက် ကျွမ်းကျင် Sub ကန်ထရိုက်တာ၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများအလိုရှိသည်-
(က) သံချည်သံကျွေးလုပ်ငန်း
(ခ) လက်သမားလုပ်ငန်း
(ဂ) ပန်းရံလုပ်ငန်း
(ဃ) ကြွေပြားလုပ်ငန်း
(င) Steel လုပ်ငန်း

၂။ လျှောက်လွှာများကို (၂၇-၃-၂၀၁၂) ရက်နေ့ နောက်ဆုံးထား၍ လာရောက်လျှောက်ထားနိုင်ပါသည်။
အထက်ဖော်ပြပါ လုပ်ငန်းများအား လုပ်ကိုင်ရန် လျှောက်ထားလိုသူများသည် မိမိတို့လုပ်ငန်းနှင့်ပတ်သက်ပြီး ပစ္စည်း၊ လက်ခစျေးနှုန်း(သို့မဟုတ်)လက်ခစျေးနှုန်းများနှင့်တကွ လာရောက်လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ-အမှတ် (၂၉)၊ မြေညီထပ်၊ ရိုးမြကွန်ဒို၊ ရိုးမြလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
(အောင်ဆန်းကွင်း၊ အထူးတန်းရှေ့)
Tel:09-8601461,09-73044221,01-385341~2,Ext:218

Junction Cineplex
၂၂ . ၃ . ၂၀၁၂ တွင် စတင်ပြသမည့် ဇာတ်ကားများ (တစ်ပတ်စာ ကြိုတင် Booking လက်ခံနေပါပြီ)










Junction Square ( Ph - 01 527 055 )

| | | |
|---|---|---|
| 3G (A Killer Connection) | [illegible] | 10 : 30 , 1:30 , 4 : 30 , 7 : 30 |
| | [illegible] | 10 : 00 , 1 : 00 , 4 : 00 , 7 : 00 , 9 : 30 |
| [illegible] | [illegible] | 10 : 30 , 1 : 30 , 4 : 30 , 7 : 30 |
| | [illegible] | 10 : 00 , 12 : 30 , 3 : 30 , 6 : 30 , 9 : 30 |
| [illegible] | [illegible] | 10 : 30 , 1 : 30 , 4 : 30 , 7 : 30 |
| | [illegible] | 10 : 00 , 12 : 30 , 3 : 30 , 6 : 30 , 9 : 30 |

Junction Maw Tin ( Ph - 01 225 244 )

| | | |
|---|---|---|
| 3G (A Killer Connection) | [illegible] | 10 : 30 , 1:30 , 4 : 30 , 7 : 30 |
| | [illegible] | 10 : 00 , 1 : 00 , 4 : 00 , 7 : 00 , 9 : 30 |
| [illegible] | [illegible] | 10 : 30 , 1 : 30 , 4 : 30 , 7 : 30 |
| | [illegible] | 10 : 00 , 12 : 30 , 3 : 00 , 6 : 00 , 9 : 00 |

Junction Nay Pyi Taw ( Ph - 067 421 615 )

| | | |
|---|---|---|
| [illegible] | [illegible] | 10 : 30 , 1 : 30 , 4 : 30 , 7 : 30 |



# မြန်မာ-ထိုင်း နယ်စပ်ဒေသများ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် မြန်မာ-ထိုင်း နယ်စပ်ဒေသများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ထိုင်းနိုင်ငံသံရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Pisanu Subanajata၊ ညွှန်ကြားရေးမှူးများဖြစ်ကြသော ဦးစိုးကိုကို၊ ဒေါ်လွဲ့လွဲ့သိန်းနှင့် ဒေါ်သန်းသန်းလင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်း၊ ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Wiboon Sanguanpong ဦးဆောင်သော အုပ်ချုပ်ရေးဌာန၊ ပြည်သူ့ရေးရာလုပ်ငန်းဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန၊ ပြည်ပဆက်ဆံရေးဌာနများမှ ကိုယ်စားလှယ် ၃၃ ဦး၊ ထိုင်းနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းမှ ကိုယ်စားလှယ် ၁၃ ဦးတို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်းက နှစ်နိုင်ငံနယ်စပ်ဒေသများတစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး ဖိတ်ခေါ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါ်လွဲ့လွဲ့သိန်းက နိုင်ငံတော်၏ အမျိုးသားဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲဆောင်ရွက်နေမှုကို လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်သန်းသန်းလင်းက မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်မှုပမာဏ တိုးတက်လာမှုကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်းက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ လုပ်ငန်း ဆောင်ရွက်မှုများကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ထိုင်းနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် Mr. Wiboon Sanguanpongက မြန်မာ-ထိုင်း နှစ်နိုင်ငံ နယ်စပ်ဒေသနေ ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် စိုက်ပျိုးရေးနှင့် ကုန်သွယ်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံဆောင်ရွက်လိုမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော ထိုင်းနိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၂၁-၃-၂၀၁၃ (ကြာသပတေးနေ့)**

| | |
|---|---|
| ၇း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၂၅ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၇း၃၀ | နံနက်ခင်းသတင်း |
| ၄း၃၀ | အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (စီးပွားရေးပညာအထူးပြု) (စီးပွားရေးပညာ) |
| ၅း၅၀ | ပြည်သူတို့ရဲ့ စကားသံ |
| ၆း၂၀ | ထူးဆန်းထွေလာများကို သိပ္ပံဖြင့်ချဉ်းကပ်ခြင်း |
| ၆း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (ဒုတိယတွဲ) (အပိုင်း-၂၁) |
| ၈း၀၀ | ပြည်တွင်းသတင်း -နိုင်ငံတကာသတင်းများ -မိုးလေဝသအခြေအနေ -"ဆောင်းမှနွေအကူး လက္ခဏာများနှင့် မတ်လ မိုးလေဝသအခြေအနေ" |

**လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးအန္တရာယ်**

"Watching the Weather to Protect Life and Property"

"ရာသီဥတုစောင့်ကြည့်ရေး အသက်အိုးအိမ်ကာကွယ်ပေး"

**ကမ္ဘာ့မိုးလေဝသနေ့**

မတ်လ (၂၃) ရက်

# အဓမ္မအကြိမ်ကြောက်လူကုန်ကူးမှု၊ လူကုန်ကူးမှုနှင့် ဆက်စပ်သောမှုခင်းများ ပူးပေါင်းတိုက်ဖျက်ရေးအစည်းအဝေး ထိုင်းနိုင်ငံ ပတ္တယားမြို့၌ ကျင်းပမည်

**နေပြည်တော် မတ် ၂၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ထိုင်းနိုင်ငံ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန (Department of Special Investigation )တို့အကြား ကျင်းပမည့် အဓမ္မအကြိမ်ကြောက် လူကုန်ကူးမှု၊ လူကုန်ကူးမှုနှင့် ဆက်စပ်သောမှုခင်းများ ပူးပေါင်းတိုက်ဖျက်ရေး အစည်းအဝေးကို မတ် ၂၀ ရက်မှ ၂၂ ရက်အထိ ထိုင်းနိုင်ငံ ပတ္တယားမြို့၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲဦးစီးအရာရှိချုပ် ရဲမှူးချုပ် ခင်မောင်စီ၊ သတင်းတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူး ရဲမှူးကြီး ဝင်းနိုင်ထွန်း၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူး ဦးအောင်သန်းမြင့်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲမှူးခင်မောင်လှ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငွေဝင်း၊ တာချီလိတ်လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးအထူးတပ်ဖွဲ့မှ ဒုတိယရဲမှူး ရင်ရင်အေး၊ UNIAP Myanmar မှဒေါ်ဥမ္မာ အိအိချောတို့ တက်ရောက်ကြမည်ဖြစ်ကြောင်းနှင့် အဆိုပါအစည်းအဝေးတွင် နယ်စပ်ဖြတ်ကျော် လူကုန်ကူးမှုစုံစမ်းစစ်ဆေးရေးကိစ္စများနှင့် တရားစွဲဆိုရေးဆိုင်ရာ အဖွဲ့အစည်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြမည့် ကိစ္စရပ်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ကိုင်းမြို့နယ်တွင် ဆောင်းသီးနှံများ ရိတ်သိမ်း

**စစ်ကိုင်း မတ် ၂၀**

စစ်ကိုင်းမြို့နယ်အတွင်းတွင် ဆောင်းသီးနှံအဖြစ် ဂျုံ၊ ကုလားပဲ၊ နံနံ၊ စမုန်နက် စသည့်သီးနှံများ စိုက်ပျိုးမှုများပြားရာ ယခုလတွင် ဂျုံသီးနှံများ စတင်ရိတ်သိမ်းနေကြပြီဖြစ်သည်။ စစ်ကိုင်းမြို့နယ်တွင် ဂျုံသီးနှံဖြစ်ထွန်းအောင်မြင်သည့် မြေယာအများအပြားရှိရာ ဂျုံသီးနှံပင်များကို သီတင်းကျွတ်လပိုင်းမှစတင်ကာ ထွန်ယက်စိုက်ပျိုးကြသည်။

စစ်ကိုင်းမြို့နယ် တောင်ရင်းကျေးရွာသည် အိမ်ခြေ ၈၁၀ ရှိပြီး စိုက်ပျိုးမြေဧရိယာအနေဖြင့် ကွင်းပေါင်း ရှစ်ကွင်း၊ စိုက်ဧက ၅၂၈၀ ရှိရာ စိုက်ပျိုးမြေဧရိယာအများစုတို့မှာ ဆောင်းသီးနှံ ဂျုံနှင့် ကုလားပဲကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ တောင်ရင်းကျေးရွာမှ ညောင်ကန်ကွင်း၊ ဖိုးရားကွင်း၊ ဒါးဝယ်မကွင်း၊ သွယ်တိုကွင်း၊ ပျဉ်ထောင်ကွင်း၊ ကွင်းမကိုးကွင်းတို့တွင် ဆောင်းသီးနှံဂျုံနှင့် ကုလားပဲကို အဓိကစိုက်ပျိုးကြသည်။ ယခင်နှစ်က မိုးနည်းပါးခဲ့မှုကြောင့် ဆောင်းသီးနှံဂျုံနှင့်ကုလားပဲ အထွက်နှုန်းကျဆင်းသော်လည်း သီးနှံဈေးနှုန်းသင့်တင့်သဖြင့် တောင်သူများအခြေအနေမဆိုးလှဟု သိရသည်။

"မနှစ်က မိုးခေါင်ခဲ့လို့ သီးနှံအထွက်နှုန်းအနေနဲ့ မြေအမျိုးအစားလိုက်ပြီး တစ်ဧကကို ဂျုံနဲ့ ကုလားပဲ ၁၀ တင်းကနေ ၁၅ တင်းအထိ ထွက်ကြတယ်။ မိုးလေဝသမှန်ကန်ရင်၊ ရေသွင်းစိုက်ပျိုးနိုင်ရင်တော့ ၂၅ တင်း၊ တင်း ၃၀ အထိထွက်တယ်။ ဒီနှစ် ဂျုံဈေးနှုန်းက တစ်တင်းကို ကျပ် ၁၅၀၀၀ ဝန်းကျင်၊ ကုလားပဲက ကျပ် ၁၇၀၀၀ ဝန်းကျင်ဈေးပေါက်နေတယ်။ ဒီရွာမှာ မြေဧက ၅၀ ကျော်၊ ၆၀ ထိပိုင်တဲ့ တောင်သူကြီးတွေကတော့ ဂျုံတင်း ၅၀၀ ကျော်ရကြတယ်။ စစ်ကိုင်းဂျုံက ဈေးကွက်မှာ နာမည်ရတယ်။ ဆားတောင် တိုက်နယ်၊ ပဒူတိုက်နယ်၊ ညောင်ပင်ဝန်းတိုက်နယ်၊ အုန်းတောတိုက်နယ်၊ ရွာသစ်ကြီး တိုက်နယ်နဲ့ မူးမြစ်ရိုးတစ်လျှောက် ကျေးရွာတွေမှာက ဂျုံနဲ့ကုလားပဲကို အဓိကစိုက်ပျိုးကြတယ်။ ဂျုံစိုက်တောင်သူအများစုက အဆင်ပြေကြတာများတယ်။ ကုန်းပိုင်းယာမြေတွေမှာတော့ ဆောင်းသီးနှံအနေနဲ့ မြေပဲစိုက်ကြသေးတယ်။ မိုးနည်းတော့ သိပ်မထွက်ကြဘူး။ မြေပဲအခြောက် တစ်တင်းကို ကျပ် ၁၀၀၀၀၊ ၁၂၀၀၀ အတွင်းရောင်းကြရတယ်။ မြေပဲရိုး၊ မြေပဲမှော်၊ ဂျုံရိုး၊ ဂျုံမှော်က နွားစာအတွက် အများကြီးအထောက်အကူဖြစ်တယ်" ဟု တောင်ရင်းကျေးရွာမှ တောင်သူတစ်ဦးက ပြောပြသည်။ **(နန္ဒာမင်းလွင်)**









# တစ်ပိုင် တစ်နိုင် ငါးရှဉ့်မွေးမြူရေး

**အောင်ဝင်း(ဖျာပုံ)**

နိုင်ငံတော်၏ ရေထွက်သယံဇာတများတွင် ငါးရှဉ့်၊ ကဏန်းနှင့် ငါးလင်ပန်းများသည် ရောင်းလိုအားထက် ဝယ်လိုအားမြင့်မားနေသည့်အတွက် နိုင်ငံတကာဈေးကွက်တွင် မျက်နှာပန်းလှလျက်ရှိနေသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ရေထွက်သယံဇာတများ မျိုးမသုဉ်းစေရေးအတွက် သဘာဝအလျောက် ဖမ်းဆီးခြင်းတို့အပြင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြရန် စည်းရုံးပညာပေးခြင်းနှင့်အတူ တွန်းအားပေးဆောင်ရွက်လျက်ရှိနေသည်။

နိုင်ငံခြားငွေရှာဖွေပေးရာတွင် ငါးရှဉ့်သည် အထူးအားထားရသည့် ကဏ္ဍတွင်ရှိနေသည်။ တစ်နိုင်တစ်ပိုင် ငါးရှဉ့်မွေးမြူလိုသူများအတွက် စာရေးသူလေ့လာသိရှိရသရွေ့ ရေးသားတင်ပြလိုက်ပါသည်။

### ငါးရှဉ့်၏ သဘာဝနှင့် ဓလေ့

အကြေးခွံမဲ့ သတ္တဝါဖြစ်ပြီး ကိုယ်ခန္ဓာချောမွေ့သည်။ အလင်းထက် အမှောင်ကို ကြိုက်နှစ်သက်သည်။ လေရှူနှုန်းနည်းပါးသဖြင့် ပျော်ဝင်အောက်ဆီဂျင်နည်းပါးသောရေတွင် မွေးမြူရှင်သန်နိုင်သည်။ ငါးရှဉ့်ကြိုက်နှစ်သက်သော အစားအစာများမှာ တီကောင်၊ ခရုနှင့် ကျောရိုးမဲ့သတ္တဝါများအပြင် ငါးအသေးလေးများ စားသောက်သည်။ ငါးရှဉ့်တွင် အထီးအမလိင်အင်္ဂါနှစ်ခုစလုံးပါဝင်၍ မျိုးပွားရာသီမှာ မတ်လမှ စက်တင်ဘာလ အထိဖြစ်ပြီး တစ်နှစ်ပတ်လုံး (၃)ချနိုင်ကြောင်း သိရသည်။ တစ်နှစ်သားအရွယ်ငါးရှဉ့်သည် ခုနစ်လက်မ(အလျား ၁၇ စင်တီမီတာ)ရှိကြောင်း လေ့လာသိရှိရသည်။

### ငါးရှဉ့်မွေးမြူကန် တည်ဆောက်ခြင်း

ငါးရှဉ့်မွေးမြူရန် အနည်းငယ်ရှိသော မြေနေရာတွင် မွေးမြူနိုင်သည်။ ရေသွင်း၊ ရေထုတ်ပြုလုပ်နိုင်ရန် ရေနှင့်နီးစပ်သောနေရာတွင် ဖြစ်ရမည်။ ငါးရှဉ့်ကို အုတ်ကန်ဖြင့် လည်းကောင်း၊ မြေကန်တူးဖော်၍သော် လည်းကောင်း မွေးမြူနိုင်သည်။

ကန်အရွယ်အစားမှာ မိမိကြိုက်နှစ်သက်သလို ဆောင်ရွက်နိုင်သည်။ တစ်နိုင်တစ်ပိုင်အတွက် မွေးမြူလိုပါက အလျားပေ ၂၀၊ အနံ ၁၀ ပေနှင့် အနက် သုံးပေသည်အသင့်လျော်ဆုံးဖြစ်သည်။ ကန်တူးဖော်ပြီးလျှင် ငါးရှဉ့်များတွင်း မဖောက်စေရန် အပေါက်အပြဲမရှိသည့် တာပေါ်လင်စကို ကန်အတွင်းခင်းထားရမည်။

ကန်၏တစ်ဝက်တိတိကို “မွေးမြူရေးအလွှာစုံ” ပြုလုပ်ပေးရမည်။ မွေးမြူရေးအလွှာစုံမရှိသော ကန်အောက်ခြေမှ ရေထုတ်ပေါက်ကို ထားပေးရမည်။ ရေထုတ်ပေါက်ကို အဖွင့်အပိတ် အဆင်ပြေအောင် ပြုလုပ်ထားပေးရန်လိုအပ်ပါသည်။ မွေးမြူရေးအလွှာစုံကို ပြုလုပ်ပြီးနောက် ပြိုကျမှုမရှိစေရန် ဝါးကတ်ဖြင့် ကာထားပေးက ပိုကောင်းသည်။

### ကန်အတွင်း ရေဖြည့်နည်း

ကန်အတွင်း မွေးမြူရေးအလွှာစုံမြုပ်သည်အထိ ရေဖြည့်ပေးပါ၊ ရေဖြည့်ပြီး သုံးရက်ခန့်အကြာတွင် အမြှုပ်များထလာပါက အဆိုပါရေကိုထုတ်ပြီး ရေထပ်မံဖြည့်ပေးပါ၊ နှစ်ကြိမ်၊ သုံးကြိမ်ရေလဲလှယ်ပြီးပါက မွေးမြူရေးကန်အတွင်း ငါးအရှင်အသေးတစ်ကောင်ထည့်ထားပြီး ၎င်းငါးမသေပါက ငါးရှဉ့်အကောင်အသေးများ စတင်မွေးမြူနိုင်ပြီဖြစ်ပါသည်။ နှစ်ရက်လျှင် တစ်ကြိမ်ရေ လဲလှယ်ပေးရန် လိုအပ်ပါသည်။

### ရောင်းတမ်းဝင်ငါးရှဉ့်

ငါးရှဉ့်အကောင်သေးများ မွေးမြူရမည့်ကာလမှာ အနည်းဆုံးခြောက်လမှ ခုနစ်လအထိမွေးမြူလျှင် ရောင်းတမ်းဝင်ငါးရှဉ့်များ ရရှိနိုင်ပြီဖြစ်သည်။ ငါးရှဉ့်များကြီးထွားရှင်သန်မှု ကောင်းမွန်စေရန် ညဘက်တွင် အစာကျွေးရမည်။ အစာကို ငါးရှဉ့်စုစုပေါင်းအလေးချိန်၏ လေးရာခိုင်နှုန်းမှ ခြောက်ရာခိုင်နှုန်းအချိုးဖြင့် ညစဉ်ကျွေးမွေးရမည်ဖြစ်သည်။

တစ်နိုင်တစ်ပိုင်သော်လည်းကောင်း၊ စီးပွားဖြစ် သော်လည်းကောင်း ငါးရှဉ့်မွေးမြူလိုသူများသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်/မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနများနှင့် ငါးလုပ်ငန်း သင်တန်းကျောင်းတို့ထံ ဆက်သွယ်စုံစမ်းမွေးမြူနိုင်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

# ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ကျင်းပ

**ရန်ကုန် မတ် ၂၀**

ဆင်းရဲမှုလျှော့ချရေးအတွက် အသေးစားနှင့် အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို မတ် ၁၇ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ဦးစံသိန်း (အကြံပေးအရာရှိ၊ အသေးစားနှင့် အလတ်စား ဖွံ့ဖြိုးတိုးတက်ရေးဘဏ်)နှင့် ဒေါ်အေးအေးဝင်း ဒုတိယညွှန်ကြားရေးမှူး စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီတို့က ဆွေးနွေးကြသည်။

အဆိုပါဖိုရမ်မှာ အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးရေးအတွက် လက်ရှိမြန်မာနိုင်ငံ၏ အခြေအနေကို သိရှိစေရန်၊ နောင်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သင့်သော လုပ်ငန်းစဉ်များကို ဖော်ထုတ်ရန်နှင့် အသေးစားနှင့်အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သော လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ လက်ရှိ မြန်မာနိုင်ငံက ဆောင်ရွက်နေသော စီးပွားရေးပြောင်းလဲမှု အစီအစဉ်ကို အထောက်အကူပြုစေရန်နှင့် ဆင်းရဲမှုလျှော့ချရေးအစီအစဉ်ကို အထောက်အကူပြုစေရေးအတွက် လက်ရှိ ပါဝင်ဆောင်ရွက်နေသော စီးပွားရေးလုပ်ငန်းရှင်များ၊ စီးပွားရေးပညာရှင်များ၊ အစိုးရနှင့် NGO များ၊ လွှတ်တော်အမတ်များ၊ လူမှုအဖွဲ့အစည်းများအတွင်း ပါဝင်သော သူများအားလုံးတွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း၊ အမြင်ခြင်းဖလှယ်ကာ ထိရောက်မည့်လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်နိုင်ရေးနှင့် ရေရှည်တွင် လက်တွေ့ကျကျ စဉ်ဆက်မပြတ် အကောင်အထည်ဖော်မည့် အဖွဲ့အစည်းများပေါ်ထွက်လာစေရေး၊ အဖွဲ့အစည်းများအချင်းချင်း ဆက်သွယ်ဆောင်ရွက်ခြင်းဖြင့် ပိုမိုထိရောက်သော လုပ်ငန်းများ ဖြစ်ပေါ်လာစေရေး၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ လွှတ်တော်နှင့် နိုင်ငံရေးအဖွဲ့အစည်းများထံသို့ ဆောင်ရွက်သင့်သော မူဝါဒများ၊ လုပ်ငန်းစဉ်များ တင်ပြနိုင်ရေးနှင့် ထိုအဖွဲ့အစည်းများက လက်ခံဆောင်ရွက်လာစေရေး၊ ပြည်သူလူထုထံသို့ ထိရောက်မည့် အစီအစဉ်များအား ဖြန့်ဖြူးပေးနိုင်ရေးအတွက် အားလုံးပါဝင်သော ဆွေးနွေးပွဲကျင်းပရခြင်းဖြစ်ကြောင်း သိရှိရသည်။ **အေးကို (သတင်းစဉ်)**

# တီကောင်မွေးခြင်းဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးတွင် အကျိုးပြုနိုင်

**ရန်ကုန် မတ် ၂၀**

တီကောင်မွေးမြူခြင်းဖြင့် ဝင်ငွေနည်းလမ်းနှစ်မျိုးရစေနိုင်ကြောင်း မတ် ၁၉ ရက်တွင် ကျင်းပသော ငါးကဏ္ဍဆိုင်ရာ လုပ်ငန်းရှင်များ ပုံမှန်တွေ့ဆုံပွဲအခမ်းအနားမှ သိရသည်။

တီကောင်ကို ယခုအခါ ငါးရှဉ့်သားတိုးမွေးမြူရေးလုပ်ငန်းများတွင် အစာအဖြစ်ကျွေးလေ့ရှိပြီး တီကောင် မွေးမြူခြင်းကြောင့် ငါးရှဉ့်အစာအတွက် ရောင်းချရခြင်းမှ ဝင်ငွေတစ်ရပ်နှင့် တီကျစ်စာမှ သဘာဝမြေဩဇာ အဖြစ်ရောင်းချနိုင်ခြင်းကြောင့် ဝင်ငွေနှစ်ရပ်ရရှိစေခြင်းဖြစ်ကြောင်း သိရသည်။ အိမ်နီးချင်းနိုင်ငံတစ်ခုတွင် ငါးရှဉ့်အသားတိုး မွေးမြူရေး၌ တီကောင်ကျွေးကာ မွေးကြခြင်းဖြစ်ပြီး ငါးရှဉ့်အတွက် တီကောင်သည် ပရိုတင်းဓာတ်အမြင့်မားဆုံးရသောအစာဖြစ်ကြောင်း၊ တီကောင်ကျွေးကာမွေးမြူထားသော အဆိုပါဒိုင်မှ ငါးရှဉ့်များသည် အရွယ်ကြီးမားကာ ဈေးကွက်တွင် မျက်နှာပန်းလှသည့်အခြေအနေမျိုးရှိခဲ့ကြောင်း ရေထွက်ပို့ကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

တီကောင်မွေးမြူရာတွင် ပြည်တွင်းမျိုးကို မွေးမြူထားနိုင်သလို ပြည်ပမှမျိုးယူမွေးနိုင်ခြင်းဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် အကျိုးပြုလေ့ရှိကြောင်း အော်ဂဲနစ်စိုက်ပျိုးရေးကို ကျယ်ပြန့်စေရန် ကြိုးပမ်း လုပ်ဆောင်ကြသူများကလည်း တီကောင်မွေးမြူရေးအတွက် လိုအပ်သောလုပ်ငန်းအဆင့်ဆင့်ကို ပညာပေးမှုများရှိကြောင်း သိရသည်။ **(၆၈၀)**









# တက္ကသိုလ်ဝင်စာမေးပွဲ အေးချမ်းပျော်ရွှင်စွာဖြေဆို

**ရန်ကုန် မတ် ၂၀**

၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၃ ရက်မှစတင်၍ ကျင်းပခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး သယ်န်းကျွန်းမြို့နယ်မှ ဖြေဆိုသူ ကျောင်းသား ကျောင်းသူစုစုပေါင်း ၄၁၆၇ ဦး(စာရင်းရှိ)တို့သည် စာဖြေဌာန ခုနစ်နေရာဖြစ်သော အထက (၁)၊ (၂)၊ (၃)၊ (၄)၊ အထက (သုဝဏ္ဏ)၊ အလက(၁)၊ အလက(၅) စာဖြေဌာနတို့တွင် ဖြေဆိုသူ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ဖြေဆိုကြကြောင်း သိရသည်။

ယင်းစာဖြေဌာနများ၌ အေးချမ်းစွာဖြေဆိုနိုင်ရန် မြို့နယ်ပညာရေးဌာနမှ ကြီးကြပ်အဖွဲ့ကကြီးကြပ်၍ ဆရာဆရာမ ၅၀၀ ခန့်ဖြင့် စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးရုံးမှအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စုမှူး ဒုရဲမှူးမြင့်နိုင်နှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သောအဖွဲ့တို့က စာမေးပွဲဖြေဆိုချိန်နှင့် ဖြေဆိုပြီးကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးနှင့် လမ်းကူးရာတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် စည်းစနစ်တကျ ကြပ်မတ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **တင်ကြည်(သယ်န်းကျွန်း)**

## လွှတ်တော်ရေးရာကဏ္ဍ

### ●ပြည်ထောင်စုလွှတ်တော်မှ

ယင်းသဝဏ်လွှာပါအဆိုနှင့်စပ်လျဉ်း၍ ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့်က အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ခဲ့ပြီး ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်က“ဖွဲ့စည်းပုံအခြေခံဥပဒေကိုလေ့လာသုံးသပ်ပြီး ပြင်ဆင်ဖို့လိုရင်ပြင်ဆင်ရမယ်၊ ဒါကြောင့်လည်း အခန်း(၁၂)မှာ ပြဋ္ဌာန်းထားတာဖြစ်ပါတယ်၊ ဒါပေမယ့် မပြင်ခင်ဆွေးနွေးရမယ်၊ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ချင်ရင် လွှတ်တော်ကိုယ်စားလှယ်အနည်းဆုံး(၂၀)ရာခိုင်နှုန်းက လက်မှတ်ရေးထိုးရမယ်၊ ဒါမှ ကိုယ်ပြောချင်တာ၊ ဆွေးနွေးချင်တာကို ပြောလို့၊ ဆွေးနွေးလို့ရမယ်၊ အခုလက်မှတ်မရေးထိုးဘဲပြောခွင့်၊ ဆွေးနွေးခွင့်ရသွားပြီပေါ့ဗျာ၊ ဒါကို လွှတ်တော်ကိုယ်စားလှယ်တွေ တင်ပြပုံကောင်းရင် ကောင်းသလို လုပ်ခွင့်ရမှာဖြစ်ပါတယ်”ဟု ပြောပြခဲ့သည်။

ယင်းနောက် ၂၀၁၃ ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏မူနှင့်အခြေခံသဘောဆွေးနွေးချက်များအပေါ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြန်လည်ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စအပေါ် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်က “ခြုံပြီးပြောရရင် ဝန်ကြီးဌာနတစ်ခုချင်း အသုံးစရိတ်အပေါ် ယခင်ထက်စိစစ်မှုရှိလာပါတယ်၊ ဒါပေမယ့် ငွေလုံးငွေရင်း အသုံးစရိတ်တွေနဲ့ လွှတ်တော်ကတိုးမြှင့်ပေးတဲ့ ဘတ်ဂျက်အပေါ် ပညာရေးနဲ့ကျန်းမာရေးဝန်ကြီးဌာနတို့က သုံးစွဲတာမျိုးကို စိစစ်ဖို့လိုပါတယ်၊ ငွေလုံးငွေရင်းအသုံးစရိတ်နဲ့ တချို့တက္ကသိုလ်ဆောက်တာ၊ ဆေးရုံဆောက်တာမျိုးဟာ လက်တို့အပ်နှံတဲ့ပုံစံဖြစ်နေတဲ့ အတွက် ပွင့်လင်းတဲ့တင်ဒါခေါ်ယှဉ်ပြိုင်တာမျိုးဖြစ်အောင် ငွေလုံးငွေရင်းအစား တက္ကသိုလ်၊ ဆေးရုံတို့ရဲ့ သာမန်သုံးငွေကိုမြှင့်တင်တဲ့ အမျိုးသားပညာရေး၊ ကျန်းမာရေး မူဝါဒဖြစ်ဖို့လိုပါတယ်”ဟု ပြောပြခဲ့သည်။

ဆက်လက်၍ ၂၀၁၃ခုနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း၏ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၊ ပြည်သူ့လွှတ်တော် ဘဏ်များနှင့်ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့်မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက်တို့က ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဘဏ်များနှင့် ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမြင့်က ဆွေးနွေးရာတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ရငွေများကို အဓိက ရှာဖွေပေးနေသောဝန်ကြီးဌာနတစ်ခုဖြစ်သဖြင့် ပြည်သူလူထုထံမှရသင့်ရထိုက်သော အခွန်အခများရရှိရေး၊ နည်းမျိုးစုံဖြင့်အခွန်ရှောင်သူများအား ပညာပေးရေး၊ ဖော်ထုတ်ရေး၊ တာဝန်သိသိ ကြည်ကြည်ဖြူဖြူ အခွန်ပေးဆောင်မည့်အစီအစဉ်များဆောင်ရွက်သင့်ပါကြောင်း၊ မကြာမီ ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ငွေကြေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများကို ခွင့်ပြုတော့မည်ဖြစ်ရာ မိမိအဖွဲ့အစည်းများအား ကြိုတင်၍ မွမ်းမံခြင်း၊ သင်တန်းများပို့ချခြင်း၊ ခေတ်မီနည်းစနစ်များ တပ်ဆင်ခြင်းနှင့် အခြားလိုအပ်သော ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်ရန် အချိန်ကျရောက်ပြီဖြစ်ပါကြောင်းဖြင့် သုံးသပ်တင်ပြခဲ့သည်။

ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် ရပ်နားခဲ့ပြီး အစည်းအဝေး(၂၃)ရက်မြောက် နေ့ကို မတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**



**အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး။** (ဓာတ်ပုံ-ခင်မောင်ဝင်း)



**မလှိုင် မဲဆန္ဒနယ်မှ ဦးအေးမောက်။** (ဓာတ်ပုံ-ခင်မောင်ဝင်း)

### ❒အမျိုးသားလွှတ်တော်မှ

ပြည်ပ လှူဒါန်းလိုသော အဖွဲ့အစည်းများ၊ နှစ်တိုနှစ်ရှည်ချေးငွေနှင့် ရင်းနှီးမြှုပ်နှံလိုသူများအားလည်း ဆွေးနွေးပွဲများ ကျင်းပဖိတ်ခေါ်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ၏ **မဟာဓာတ်အားလိုင်းတစ်လျှောက်ရှိ ကျေးရွာပြည်သူများအတွက် နိုင်ငံတော်မှ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ မဟာဓာတ်အားလိုင်းသည် ဗို့အားမြင့်ဓာတ်အားလိုင်းဖြစ်သည့်အတွက် ကျေးရွာများတွင် ဓာတ်အားကို တိုက်ရိုက်သုံးစွဲ၍မရနိုင်ကြောင်း၊ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်းမှ ဗို့အား(၃၃)ကေဗွီ၊(၁၁)ကေဗွီ၊ (၄၀၀)ဗို့စသည်ဖြင့် ဗို့အားအဆင့်ဆင့်နှိမ့်ချ၍ ဓာတ်အားခွဲစက်ရုံများတည်ဆောက်ပြီးမှ သုံးစွဲရပါကြောင်း။

ထို့ကြောင့်(၁၁)ကေဗွီဓာတ်အားလိုင်းနှင့်နီးသော ကျန်ရှိသောကျေးရွာများသည် အချိန်တိုအတွင်း အမြန်ဓာတ်အား ရရှိသုံးစွဲလိုပါက အခြားကျေးရွာများကဲ့သို့ ဒေသအာဏာပိုင်နှင့်ပူးပေါင်း၍ မိမိအစီအစဉ်ဖြင့်သော်လည်းကောင်း၊ နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီချေးငွေဖြင့်သော်လည်းကောင်း လျှပ်စစ်မီးလင်းရေးဆောင်ရွက်နိုင်ပါကြောင်း၊ ကျေးရွာမီးလင်းရေး ကော်မတီဖွဲ့စည်းပြီး မီးလင်းရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ထားနိုင်ရေးအတွက် (၂)နှစ်စီမံချက် သို့မဟုတ် (၄)နှစ်စီမံချက်ချ၍ ဆောင်ရွက်ထားရန်လိုအပ်ပြီး ပထမနှစ်တွင် တိုင်ထူခြင်းလုပ်ငန်း၊ ဒုတိယနှစ်တွင် တန်း၊ ကြွေသီးများတပ်ဆင်ခြင်းနှင့် ကြိုးများသွယ်တန်းခြင်းလုပ်ငန်း၊ တတိယနှစ်တွင် ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းလုပ်ငန်းနှင့် စတုတ္ထနှစ်တွင် မီးဆက်သွယ်ပြီး မီးလင်းခြင်းလုပ်ငန်းဟူ၍ စီမံချက်ချဆောင်ရွက်ထားရန်လိုအပ်ပါကြောင်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မူဘောင်သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုပေးသွားမည်ဖြစ်ပြီး လိုအပ်သော နည်းပညာများလည်း ပံ့ပိုးကူညီပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်။** (ဓာတ်ပုံ-ခင်မောင်ဝင်း)



**ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစောတော်ပလဲ။** (ဓာတ်ပုံ-ခင်မောင်ဝင်း)

ယင်းနောက် အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာနှင့် အသနားခံစာဆိုင်ရာကော်မတီက ငွေတိုးကြီးဖြင့်ငွေချေးစားမှုကြောင့် အတိဒုက္ခရောက်ကြရသည့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာများကို လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

ယင်းအစီရင်ခံစာနှင့်ပတ်သက်ပြီး ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်က “ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ တိုင်ကြားစာနှင့်အသနားခံစာ ကော်မတီရှိပါတယ်၊ ဒီကော်မတီက ပြည်သူတွေရဲ့အသံ၊ ပြည်သူတွေရဲ့တိုင်ကြားစာတွေကိုလက်ခံပြီး လွှတ်တော်မှာ ပြန်လည်တင်ပြ ဆွေးနွေးကာ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးပါတယ်၊ အဲဒီလို တိုင်ကြားစာပေးပို့ရာမှာလည်း ပစ်စာသဘောမျိုးမဟုတ်ဘဲ တိုင်လိုတဲ့သူဟာ မိမိရဲ့နာမည်၊ လိပ်စာ၊ မှတ်ပုံတင်တို့နဲ့ တိတိကျကျရေးပို့ပြီး တိုင်ကြားနိုင်ပါတယ်၊ အဲဒီတိုင်စာတွေ၊ အသနားခံစာတွေကို ကော်မတီကစိစစ်တယ်၊ သုံးသပ်တယ်၊ ပြီးရင်သက်ဆိုင်ရာတွေပို့ပေးပြီး ဆောင်ရွက်ပေးပါတယ်”ဟု ပြောပြသည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို မတ် ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် မတ် ၁၇ ရက် မွန်းလွဲပိုင်းတွင် ဆားလင်းကြီးမြို့နယ် အမှတ်(၆)ချည်မျှင်နှင့်အထည်အလိပ်စက်ရုံ၌ ကုန်ကြမ်းပစ္စည်းများ သိုလှောင်ထားရှိမှု၊ ပုသိမ်-မုံရွာ အမြန်လမ်းပေါ်ရှိ တောင်ယမားချောင်းကူးတံတား တည်ဆောက်ပြီးစီးမှုနှင့် ကျားတက်ကျေးရွာ အဆင့်မြင့်လယ်ဧက ၁၀၀ အား မြေအောက်ရေဖြင့် ရေပေးဝေမှု၊ ကျားတက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်အဆောက်အအုံသစ်ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မတ် ၁၈ ရက် နံနက်ပိုင်းတွင် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ဇေယျာသီရိခန်းမ၌ ကျင်းပသော စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ နည်းပညာတက္ကသိုလ် (မုံရွာ)နှင့် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တို့အား ကွန်ပျူတာများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး တာဝန်ရှိသူများ၊ ကုမ္ပဏီများမှ အလှူရှင်များက နည်းပညာတက္ကသိုလ်(မုံရွာ)နှင့် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)တို့မှ ကျောင်းအုပ်ကြီးများထံ ကွန်ပျူတာများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားတွင် နည်းပညာတက္ကသိုလ်(မုံရွာ)နှင့် ကွန်ပျူတာတက္ကသိုလ်(မုံရွာ)ကျောင်းများသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ကုမ္ပဏီများမှ (Core-i 7)ကွန်ပျူတာအလုံး ၆၀ ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကွန်ပျူတာတက္ကသိုလ်(မုံရွာ) နှစ်ထပ်စာသင်ကျောင်း အဆောက်အအုံသစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ခရိုင်/မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးညီညီသိန်းက မိမိတို့ဌာနလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မုံရွာစက်မှုဇုန်ရှိ ဝါဖတ်စက်၊ ဝါကြိတ်စက်များမှ ဝါစေ့ဆီများ ကြိတ်ခွဲနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မုံရွာမြို့နယ် ပြည်သူ့ဆေးရုံတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များ အခမဲ့ကုသပေးပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်၍ ခွဲစိတ်ပြီးမျက်စိဝေဒနာရှင် ၃၁ ဦးအား နေကာမျက်မှန်များ တပ်ဆင်ပေးကာ ဆေးကုသမှု ခံယူနေသော လူနာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော တိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင်များ အခမဲ့ခွဲစိတ်ကုသပေးပွဲအတွက် အလှူငွေ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် မုံရွာမြို့ မြို့နယ်ပြည်သူ့ဆေးရုံရှင်းလင်းဆောင်၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်မြမြက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဝေဝေခိုင်တို့က အလှူရှင်များ၏ လှူဒါန်းငွေများကိုလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာ အဖွဲ့နာယကတို့က ခွဲစိတ်ပြီး မျက်စိဝေဒနာရှင်လူနာများအား နေကာမျက်မှန်များ တပ်ဆင်ပေးကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နှင့် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၅၅ သိန်း လှူဒါန်းခဲ့ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မျက်စိဝေဒနာရှင် ၃၁ ဦးအား ခွဲစိတ်ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နံနက်ခင်း အာဟာရ

အမှန်အတိုင်းပြောရလျှင် ယခင်က သတင်းစာပုံမှန်မယူဖြစ်ခဲ့ပါ။ ကြုံသလိုကျသလိုဝယ်ဖတ်သည့် အဆင့်။ ထိုမှတစ်ဆင့် အသွင်အပြင်ရောအနှစ်သာရပါ တဖြည်းဖြည်းပြောင်းလဲလာသည့် နေ့စဉ်သတင်းစာများကို မြည်းစမ်းဖတ်ကြည့်မိသည်။ အမှန်ပင်ပြည်သူ့ဝန်ဆောင်မှုသတင်းစာအဖြစ် ကြိုးပမ်းလာနေသည်ကို တွေ့ရသည်။

ဆိုပါစို့။ သတင်းစာလပေးယူဖြစ်သကဲ့သို့ ကိုယ်တိုင်လည်း သုတ၊ရသဆောင်းပါးများ စိတ်လိုလက်ရ ရေးနေဖြစ်သည်။ အထူးသဖြင့် ရောင်စုံသတင်းစာများ ပုံနှိပ်ထုတ်ဝေချိန်မှစ၍ ရန်ကုန်မြို့တွင် သတင်းစာများ အတော်စောစောဖတ်ရလေ့ရှိလာသည်။ နံနက် ၈ နာရီဝန်းကျင်ဆိုလျှင်ပင် ဖတ်ရသည့်ရက် များလာသည်။ ရုံဖန်ရံခါမြို့ထဲသို့ ရောက်နေလျှင်အိမ်ပြန်ရောက်သည်အထိပင် စောင့်နေစရာမလို။ လမ်းဘေးတွင် အလွယ်တကူဝယ်၍ရနေသည်။ ဤသို့ဖြင့် နံနက်လင်းလျှင် သတင်းစာဖတ်ချင်သည့် ဝေဒနာက ဆာလောင်မွတ်သိပ်မှုတစ်မျိုးလိုပင်ဖြစ်နေတော့၏။ သတင်းစာလာချိန်ကို စောင့်နေမိသလိုဖြစ်၏။ နံနက်အစောထမင်းဝိုင်းတွင် လက်ဖက်ရည်ကြမ်းနှင့် သတင်းစာသည် တွဲဖက်အစာအာဟာရလိုပင် ဖြစ်နေတော့၏။

ပြီးခဲ့သည့်လထဲကပင် အညာသို့ပြန်ဖြစ်၏။ အညာဆိုသော်လည်း ရထားစီးစီး၊ ကားစီးစီး ညပိုင်းစီးသွားလျှင် မိုးလင်းသည်နှင့်ရောက်သည့်မြို့များပင်ဖြစ်ပါသည်။ ရောက်သွားသည့် နံနက်ခင်းမှာပင် အညာထမင်းဝိုင်းနှင့်တိုးသည်။ ရှမ်းပြည်က လက်ဖက်ခြောက်နှပ်ရည်ကျကျနှင့် စား၍မြိန်လွှန်းလှသည်။ သို့သော် အာသာမပြေ။ အကြောင်းမှာ နံနက်ခင်းသတင်းစာမဖတ်ရသောကြောင့် ဖြစ်သည်။ သို့နှင့် အချိန်တန်လျှင် သူငယ်ချင်းများနှင့် တွေ့ဆုံရန် လက်ဖက်ရည်ဆိုင်သို့သွားရ၏။ အညာတွင် လက်ဖက်ရည်ဆိုင်ထိုင်သည့်အကျင့်က ပို၍ပင်စည်ကားလွန်းလှသည်။ တစ်ဦးချင်းစီ၏ အိမ်သွားခြင်းထက် လက်ဖက်ရည်ဆိုင်တွင် သူငယ်ချင်းအစုံတွေ့နိုင်ပါသည်။

လက်ဖက်ရည်ဝိုင်းတွင် ပထမဆုံးပြောဖြစ်သည်မှာ သတင်းစာမဖတ်ရသည့် အကြောင်းပင်ဖြစ်သည်။

“သတင်းစာ၏အသက်” “တစ်မနက်” ဟုဆိုသော်လည်း အညာဒေသတွင် အစောဆုံးဖတ်ရသည့်အချိန်မှာ ညနေပိုင်း။ အများအားဖြင့် နောက်တစ်နေ့သာဖြစ်သည်။ သို့သော်လည်း ဂျာနယ်များမှာ ရန်ကုန်တွင် ဖတ်ရသည့်အချိန်အတိုင်းဖတ်နေရခြင်းမှာ ထူးခြားမှုတစ်ခုပင်။

မကြာမီအချိန်အတွင်းပုဂ္ဂလိက သတင်းစာများ အပြိုင်အဆိုင်ထွက်လာတော့မည်ဖြစ်သည်။ သတင်းစာအချို့ Sample အနေနှင့်စမ်းသပ်ထုတ်ဝေနေသည်များကိုလည်း တွေ့မြင်နေရပြီဖြစ်သည်။

မှန်ပါသည်။ သတင်းစာစောင်ရေတိုးပွားလာမည်က သေချာသည်။ ပြည်သူ့ရှေ့မှောက်သို့ အစီအရီရောက်ရှိလာမည်မှာလည်း ဧကန်ဖြစ်သည်။ သို့သော် ယင်းသတင်းစာများသည် ပြည်သူတစ်ရပ်လုံး၏ နှုတ်ဝယ်တသသ စွဲကျန်ရစ်ဖို့ ဆိုသည်မှာ လူထုလက်ထဲသို့ စောနိုင်သမျှစောစောရောက်ဖို့လိုပါသည်။ ပြည်သူအများ ဝယ်ဖတ်နိုင်သည့်ဈေးနှုန်းမျိုးဖြစ်ဖို့လိုပါသည်။ သတင်းဦး၊ သတင်းထူးနှင့် ပြည်သူအကျိုးပြုသတင်းများ မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖော်ပြပေးနိုင်ဖို့လိုပါသည်။ အသင်းအဖွဲ့ဂိုဏ်းဂဏအစွဲကင်း၍ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒနှင့် ပြည်သူ့ဘဝထင်ဟပ်နေဖို့လိုပါသည်။ခေတ်အမြင်ခေတ်အတွေးနှင့် သုတရသစုံစုံ၊ နိုင်ငံတကာအသိအမြင်များ တိုးပွားစေနိုင်ဖို့ လိုပါလိမ့်မည်။

ထို့ကြောင့် သတင်းစာများမည်မျှပင်ပေါ်ထွက်လာစေကာမူ ပြည်သူလူထုလက်သို့ ရောက်သည့်အခါ အထက်ဖော်ပြပါစိတ်ခံစားမှု၊ခံစားချက် စံနှုန်းများဖြင့် ဇလုတ်တိုက်ခံကြရမည်သာဖြစ်သည်။ ဝယ်လိုအား၊ ရောင်းလိုအားသည်လည်း စာဖတ်သောပြည်သူလူထု၏ လက်တွင်း၌သာ ရှိပေလိမ့်မည်။ ဤသို့ဖြင့် သတင်းစာများသည် ပို၍ကောင်းသော၊ ပြည်သူ့အတွက်အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်သော သတင်းစာများအဖြစ်သို့ ရောက်ရှိလာလိမ့်မည်ဟု မျှော်လင့်မိသည်။ ထိုအခါ မိုးလင်းသည်နှင့် သတင်း စာမဖတ်ရ မနေနိုင်သည့်ဝေဒနာမှာ ပိုသိသာလာလိမ့်မည်ဟု ထင်သည်။ စင်စစ် သတင်းစာသည် “နံနက်ခင်း အာဟာရ” တစ်မျိုးပင်မဟုတ်ပါလော။ ‘

**ခင်မောင်ဌေး (ပညာရေး)**

# ရထားပို့ဆောင်ရေးကဏ္ဍ အဆင့်မြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် မတ် ၂၀**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်အား ဂျပန်နိုင်ငံ Ministry of Land, Infrastructure, Transport and Tourism (MLIT) မှ နိုင်ငံတကာရေးရာ ဒုတိယဝန်ကြီး H.E. Mr. Hajime ISHIZU ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၈ ရက် မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး ရထားပို့ဆောင်ရေးကဏ္ဍအဆင့်မြှင့်တင်ရေးအတွက် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပန်ကြပ်ဆီလတ်လေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲ

**သတင်းဆောင်းပါး-လေဒီ**
**ဓာတ်ပုံ- ကိုကိုစိုးညွန့်**

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဟု ခေါ်ဆိုသည့် ဆီးဂိမ်းပြိုင်ပွဲသမိုင်းတစ်လျှောက်ကို ပြန်ကြည့်လျှင် ပန်ကြပ်ဆီလတ်အားကစားနည်းကို ၁၉၈၇ ခုနှစ်တွင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပသော (၁၄) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှ စတင်၍ ထည့်သွင်းကျင်းပခဲ့သည်ကို တွေ့ရသည်။ ထို့နောက် ဆီးဂိမ်းပြိုင်ပွဲများတွင် ၁၉၉၁ ခုနှစ်ပြိုင်ပွဲနှင့် ၁၉၉၉ ခုနှစ်ပြိုင်ပွဲတို့မှအပ ကျန်အကြိမ်များအားလုံး၌ ထည့်သွင်းကျင်းပခဲ့သည်ကိုလည်း တွေ့ရသည်။

ထိုကစားနည်းသည် အင်ဒိုနီးရှားတို့၏ ရိုးရာကစားနည်းဟု အများကသိမြင်ထားကြသော်လည်း မူရင်းမှာ မလေးရှားလူမျိုးတို့၏ ကစားနည်းဖြစ်သည်ဟုလည်း သိရသည်။ သို့ရာတွင် ယနေ့အချိန်၌ ကမ္ဘာ့ကစားနည်းတစ်ခုသဖွယ် ကျယ်ပြန့်သထက်ကျယ်ပြန့်လာနေသည့် ကစားနည်းတစ်ခုဖြစ်လာပါပြီ။

လာမည့် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ပန်ကြပ်ဆီလတ် ကစားနည်းကို ထည့်သွင်းကျင်းပမည် ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၃ ခုနှစ် စင်ကာပူဆီးဂိမ်းပြိုင်ပွဲမှ စတင်၍ ထိုအားကစားနည်းသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး ယခု မိမိတို့အိမ်ရှင်ဆီးဂိမ်း ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ရန် အားကြိုးမာန်တက် လေ့ကျင့်လျက်ရှိပါသည်။ **(ယာပုံ)**



မြန်မာပန်ကြပ်ဆီလတ်အဖွဲ့သည် အိမ်ရှင်အဖြစ် မျက်နှာပန်းလှရေး၊ ပြိုင်ပွဲတွင် အောင်နိုင်ရေးတို့အတွက် လေ့ကျင့်နေရုံဖြင့် မပြီး။ ပြိုင်ပွဲဝင်ခြင်းဖြင့် ကိုယ်ရည်ကိုယ်သွေးကို အစမ်းသပ်ခံ၊ မှတ်ကျောက်အတင်ခံရန် လိုအပ်ပါသေးသည်။ ထို့ကြောင့် အားကစား ဝန်ကြီးဌာနသည် ပန်ကြပ်ဆီလတ် လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲတစ်ရပ်ကို မတ် ၂၂ ရက်မှ စတင်၍ နေပြည်တော်တွင် ကျင်းပရန် စီစဉ်နေသည်ကို တွေ့ရပါသည်။

အဆိုပါ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို မြန်မာအသင်းမှ (က) အသင်းနှင့် (ခ) အသင်း နှစ်သင်း ဝင်ပြိုင်မည်ဖြစ်ပြီး မလေးရှား၊ အင်ဒိုနီးရှားနှင့် ထိုင်းအသင်းတို့လည်း ပါဝင်မည်ဖြစ်သည်။ မူလက လာအိုအသင်းပါခဲ့သော်လည်း လာအိုအသင်း မလာနိုင်တော့သဖြင့် ထိုင်းအသင်းကို အစားထိုးဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

ယခုဖိတ်ခေါ်ပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား လေးမျိုးပါဝင်မည်ဖြစ်ရာ တစ်ဦးချင်းအတိုက်ပြိုင်ပွဲ (Tanding)၊ တစ်ဦးချင်းအပြပြိုင်ပွဲ (Tunggal)၊ နှစ်ယောက်တွဲ အပြပြိုင်ပွဲ (Ganda)၊ သုံးယောက်တွဲအပြပြိုင်ပွဲ (Rcgu) တို့ဖြစ်ကြသည်။ ထိုပြိုင်ပွဲလေးမျိုးအနက် အတိုက်ပြိုင်ပွဲတွင် အမျိုးသားကိုးတန်း၊ အမျိုးသမီး ခြောက်တန်း ပါဝင်မည်ဖြစ်ပြီး အပြပြိုင်ပွဲတွင် အမျိုးသား သုံးတန်း၊ အမျိုးသမီး နှစ်တန်းပါဝင်မည်ဖြစ်သည်။ အဆိုပါ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို မတ် ၂၃ ရက်တွင် ဖွင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ပြီး မတ် ၂၄ ရက်မှ ၂၆ ရက် အထိ ပြိုင်ပွဲများ ကျင်းပမည် ဖြစ်သည်။ ပြိုင်ပွဲများကို အားကစားလေ့ကျင့်ရေးစခန်း(၁)ရှိ ပိုက်ကျော်ခြင်းပြိုင်ပွဲရုံ၌ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ တစ်နေ့လျှင် နှစ်ကြိမ်ကျင်းပမည်ဖြစ်ရာ မြန်မာအသင်းနှင့်တကွ ပြိုင်ပွဲနိုင်ငံများကို ကြိုဆိုအားပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ညောင်ရွှေမြို့နယ် ဒေသခံပြည်သူများနှင့်တွေ့

**နေပြည်တော် မတ် ၂၀**

မတ် ၁၆ ရက် နံနက် ၈ နာရီတွင် ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်သည် ညောင်ရွှေမြို့နယ် ဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့သည်။

ထို့နောက် ညောင်ရွှေမြို့ မြို့တော်ခန်းမ၊ ယဉ်ကျေးမှုဗုဒ္ဓပြတိုက်နှင့် လူရည်ချွန်စခန်းသွင်းလေ့ကျင့်မည့် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအတွင်း ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အရှေ့တောင်အာရှဘတ်စကက်ဘောအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်စည်းဝေး

**နေပြည်တော် မတ် ၂၀**

၂၀၁၃ ခုနှစ် အရှေ့တောင်အာရှဘတ်စကက်ဘောအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် နေပြည်တော် ရွှေညော်သည်ဟိုတယ်၌ ကျင်းပရာ SEABA မှ နှစ်ပတ်လည် အစီရင်ခံစာတင်သွင်းခြင်း၊ ငွေစာရင်းသုံးစွဲမှုများကို ရှင်းလင်းတင်ပြခြင်းနှင့် အဖွဲ့ချုပ်၏ ရှေ့လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြသည်။

အရှေ့တောင်အာရှ (SEABA) သည် အာဆီယံ ၁၀ နိုင်ငံစလုံးပါဝင်သည့် အဖွဲ့အစည်းဖြစ်ပြီး ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးကို (၂)နှစ်တစ်ကြိမ်ကျင်းပခဲ့ရာ ယခုမြန်မာနိုင်ငံ၌ ပထမဦးဆုံးကျင်းပသော အစည်းအဝေးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မိတ္ထီလာမြို့ပေါ်ရပ်ကွက်များအနက် မြို့မ (၄) ရပ်ကွက်နှင့် ဈေးအရှေ့ပြင်ရပ်ကွက်တို့အား အမှိုက်ကင်းစင်ရပ်ကွက်များအဖြစ် သတ်မှတ်၍ နေ့စဉ်ခေါင်းလောင်းတီးစနစ်ဖြင့် သိမ်းဆည်းလျက်ရှိရာ မတ် ၁၃ ရက်က မြို့မ (၄) ရပ်ကွက် ပထမလမ်းမတော်တွင် ခေါင်းလောင်းတီးစနစ်ဖြင့် သိမ်းဆည်းနေသည်ကို တွေ့ရစဉ်။ (ကြေးမုံ)**




AYEYARWADY BANK
your trusted partner



**ရာဝတီဘဏ် လီမိတက်၏**

**မန္တလေး Trade Centre (International Banking Service) အား ၂၀၁၃ ခုနှစ်၊ မတ်လ (၁၅)ရက်နှင့် (၃၃)ဘဏ်မြောက် ပြင်ဦးလွင်ဘဏ်ခွဲအား ၂၀၁၃ ခုနှစ်၊ မတ်လ (၂၀)ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်း မိဘပြည်သူ အပေါင်းတို့အား ဝမ်းမြောက်ဝမ်းသာစွာဖြင့် သတင်းကောင်းပါးအပ်ပါသည်။**

မန္တလေး Trade Centre (International Banking Service)
အမှတ်(၂)၊ တိုက်ခန်းအမှတ်(စီ/စီ-၁-၄)၊ လမ်း(၃၀)၊ (၇၇×၇၈)လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း - ၀၅၂ ၇၄၈၆၂ ~ ၆၅
ဖက်(စ်) - ၀၅၂ ၇၄၈၆၃၊ ၀၅၂ ၇၄၈၆၅

ပြင်ဦးလွင်ဘဏ်ခွဲ
အမှတ်(၁၈၅-ဘီ/၅)၊ မန္တလေး-လားရှိုးလမ်းမကြီး၊ အမှတ်(၄)ရပ်ကွက်၊ ရပ်ကွက်ကြီး(၃)၊ ပြင်ဦးလွင်မြို့။
ဖုန်း - ၀၈၅ ၂၈၄၅၇ ~ ၆၀
ဖက်(စ်) - ၀၈၅ ၂၈၄၆၂ ~ ၆၃

တိုးတက်မှုနှင့်တစ်ပြေးညီ
စိတ်ချယုံကြည်
ရာဝတီ

ရန်ကုန် (ရုံးချုပ်) - အမှတ်(၁) ဘုရင့်နောင်လမ်းမကြီး (ရွာမကွေ့အနီး) လှိုင်မြို့နယ် ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၀၀၁၂၃ ၊ ၅၃၁၀၆၇-၉ ၊ ၅၃၁၀၇၈-၉ ဖက်(စ်) - ၀၁ ၅၃၀၉၆၈ ၊ ၅၂၇၇၉၇
www.ayabank.com

အားကစား

# ကမ္ဘာ့ဖလား ဥရောပဇုန်ခြေစစ်ပွဲရင်ခုန်သံ

**လာမယ့် မတ် ၂၂ ရက်မှာ ၂၀၁၄ ကမ္ဘာ့ဖလားဥရောပဇုန်ခြေစစ်ပွဲတွေကို ကျင်းပသွားမှာဖြစ်ပါတယ်။ ဒါကြောင့် အဆိုပါ ပွဲစဉ်တွေအနက်က ပရိသတ်စိတ်ဝင်စားမယ့် အသင်းတွေရဲ့ ပွဲစဉ်တွေကို ကြိုတင်သုံးသပ်တင်ပြပေးလိုက်ပါတယ်။**

### အစ္စရေး Vs ပေါ်တူဂီ

*ည ၇း၁၅ နာရီ(၂၂-၃-၁၃)*

ပေါ်တူဂီဟာ ဒီခြေစစ်ပွဲရဲ့ အုပ်စု(F)မှာ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့ ရုန်းကန်နေရပြီး လက်ရှိလေးပွဲကစားပြီးချိန်မှာ ၇ မှတ်နဲ့ အဆင့်သုံးနေရာမှာသာ ရပ်တည်နေရပါတယ်။ ဒါကြောင့် ပေါ်တူဂီဟာ ဒီပွဲမှာ အနိုင်ရရှိရေး အားစိုက်လာမှာဖြစ်သလို ရိုနယ်လ်ဒို၊ ပီပီ၊ ကွန်ထရာအို၊ ဗီလိုဆို၊ မွန်တင်ဟိုတို့လို ကစားသမားကောင်းတွေကိုလည်း ရွေးချယ်ထားပါတယ်။ ဒါပေမယ့် အစ္စရေးကလည်း အသင်းကောင်းတစ်သင်းဖြစ်တာကြောင့် ပေါ်တူဂီတို့ လွယ်လွယ်အနိုင်မရနိုင်ပါဘူး။ အထူးသဖြင့် အစ္စရေးဟာ အိမ်ကွင်းပွဲစဉ်တွေမှာ အသင်းလိုက် ကစားပုံမာကျောမှု ရှိတယ်။

### ကာဇက်စတန် Vs ဂျာမနီ

*နံနက် ၀၀း၃၀ နာရီ (၂၃-၃-၂၀၁၃)*

ဂျာမနီဟာ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ဖို့အတွက် ကြိုးစားနေသလို ဒီခြေစစ်ပွဲအတွင်းမှာလည်း လေးပွဲကစားပြီးချိန်အထိ ရှုံးပွဲမရှိသေးဘဲ ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ ဒီပွဲစဉ်အတွက်လည်း ဂေါ့ဇီ၊ ဂန်နိုဂန်၊ အိုလ်ဇေး၊ ခီဒီယာ၊ စတိုင်ဂါ၊ ပိုဒေါစကီး၊ သောမက်မူလာ၊ ဂိုမက်ဇ် တို့လို ကစားသမားကောင်းတွေကို ရွေးချယ်ခေါ်ယူထားတာ တွေ့ရပါတယ်။ ကာဇက်စတန်ကတော့ အိမ်ကွင်းအားနဲ့ ခံကစားမှာဖြစ်ပေမယ့် ဂျာမနီကို ယှဉ်နိုင်တဲ့ အခြေအနေမှာ မရှိပါဘူး။

### ဟော်လန် Vs အက်စ်တိုးနီးယား

*နံနက် ၂း၀၀ နာရီ(၂၃-၃-၂၀၁၃)*

ဟော်လန်ဟာ ခြေစစ်ပွဲအတွင်း ကစားပုံအထူးကောင်းမွန်နေတဲ့အသင်းပါ။ လေးပွဲကစားပြီးချိန်မှာ ၄ ပွဲစလုံး အနိုင်ရခဲ့ပြီး အုပ်စု(D)ကို ဦးဆောင်နေနိုင်ပါတယ်။ ဒါပေမယ့် ဒုတိယနေရာက ဟန်ဂေရီ၊ တတိယနေရာက ရိုမေးနီးယားတို့နဲ့ သုံးမှတ်သာ ကွာဟနေတာကြောင့် ဟော်လန်အနေနဲ့ ဒီပွဲမှာလည်း ဂရုတစိုက်ကစားသွားမှာပါ။ ဟော်လန်အနေနဲ့ ဒီပွဲကို အိမ်ကွင်းမှာကစားရမှာဖြစ်တဲ့အပြင် ဗန်ပါစီ၊ ရှုနိုက်ဒါ၊ ဗန်ဒါဗတ်၊ ရော်ဘင်တို့လို ကစားသမားကောင်းတွေကိုလည်း ရွေးချယ်ထားလို့ ခြေသာမန်သာရှိတဲ့ အက်စ်တိုးနီးယားကို ဖိအားပေးကစားသွားနိုင်မှာပါ။ ဒါ့ကြောင့် အိမ်ရှင်ဖြစ်တဲ့ဟော်လန်ကိုပဲ နှစ်သက်ပါတယ်။

### စပိန် Vs ဖင်လန်

*နံနက် ၂း၁၅ နာရီ(၂၃-၃-၂၀၁၃)*

စပိန်ဟာ ဥရောပရဲ့အသင်းကြီးတစ်သင်းဖြစ်သလို ကစားသမားအင်အားပိုင်းလည်း တောင့်တင်းမှုအပြည့်ရှိပါတယ်။ ဒီခြေစစ်ပွဲအတွက်လည်း ကစားသမားရွေးချယ်ခေါ်ယူရာမှာ ဇာဗီ၊ အင်နီယေစတာ၊ ဖာဘရီဂက်စ်၊ ပက်ထရို၊ ဘက်စ်ကွက်၊ ပီကေး၊ ဗီလာ၊ အယ်ဘာ၊ အလွန်ဆို၊ ရာမို့စ်၊ ကာဇိုလာ၊ မာတာ၊ ဆေးလ်ဗားတို့လို ကစားသမားကောင်းတွေကို ရွေးချယ်ခေါ်ယူထားတာတွေ့ရပါတယ်။ အထူးသဖြင့် စပိန်ဟာ အုပ်စုတွင်းမှာ အသင်းကြီးတစ်သင်းဖြစ်တဲ့ ပြင်သစ်နဲ့အုပ်စု ပထမနေရာရရှိရေး အပြိုင်ကြိုးစားနေရလို့ ဒီလိုပွဲမျိုးမှာ အမှားအယွင်း အဖြစ်ခံမှာမဟုတ်ပါဘူး။ စပိန်အနေနဲ့ ဒီပွဲအပြီးမှာ ပြင်သစ်နဲ့ ပွဲကျပ်ကစားရဖို့ရှိတာကြောင့် ဒီပွဲမှာ ခြေကုန်ထုတ်ဖို့ ခက်ခဲပေမယ့် ဖင်လန်ကလည်း ခြေစွမ်းသာမန်ရှိတာကြောင့် စပိန်ကိုပဲ အားပေးရမှာပါ။

### ပြင်သစ် Vs ဂျော်ဂျီယာ

*နံနက် ၂း၃၀ နာရီ(၂၃-၃-၂၀၁၃)*

ပြင်သစ်အနေနဲ့လည်း ဒီခြေစစ်ပွဲရဲ့ အုပ်စု(I)မှာ အသင်းကြီးတစ်သင်းဖြစ်တဲ့ စပိန်နဲ့ အုပ်စုပထမနေရာ အပြိုင်လုနေရတာကြောင့် ဒီလိုပွဲမျိုးမှာ အမှားအယွင်း အဖြစ်မခံပါဘူး၊ ဂျော်ဂျီယာက ခြေစွမ်းပိုင်းသာမန်သာရှိပြီး ကွင်းကလည်း ပြင်သစ်ကွင်းဖြစ်နေပါတယ်။ ပြင်သစ်အနေနဲ့ ဒီပွဲအပြီးမှာ စပိန်နဲ့ကစားရဖို့ရှိတာကြောင့် ခြေကုန်ထုတ်ဖို့ ခက်ခဲလာနိုင်တာမှန်ပေမယ့် ဘင်ဇီမာ၊ ဂီရောက်ဒ်၊ ရီဘာရီ၊ ဆစ်ဆိုကို၊ ရီမီတို့လို ကစားသမားကောင်းတွေကို ရွေးချယ်ထားပါတယ်။ ဒါကြောင့် ပြင်သစ်ဟာ အားသာချက်တွေရှိပါတယ်။

### ဆမ်မာရီနို - အင်္ဂလန်

*နံနက် ၂း၃၀ နာရီ (၂၃-၃-၂၀၁၃)*

အင်္ဂလန်ဟာ အုပ်စု(H)မှာ အတောင့်တင်းဆုံး အသင်းဖြစ်ပေမယ့် လက်ရှိအချိန်မှာ လေးပွဲကစားပြီး ရှစ်မှတ်သာရရှိထားကာ ထိပ်ဆုံးက မွန်တီနီဂရိုးနဲ့ နှစ်မှတ်ကွာဟနေတာကြောင့် ဒီပွဲမှာအနိုင်ရရှိရေး အားစိုက်ကစားလာမှာပါ။ အင်္ဂလန်ဟာ ဒီခြေစစ်ပွဲအတွက်လည်း လက်ရှိခြေစွမ်းပြသနေတဲ့ ဂျာရတ်၊ လမ်းပတ်၊ရွန်းနေ၊ဝဲလ်ကော့၊ ကလီဗာလေတို့ကို ရွေးချယ်ထားပါတယ်။ ဆမ်မာရီနိုက အိမ်ကွင်းအားနဲ့ အမှတ်ရအောင်ခံကစားသွားမှာ ဖြစ်ပေမယ့် ခြေစွမ်းပိုင်းက သာမန်သာရှိပါတယ်။ ပထမအကျော့တုန်းက အိမ်ကွင်းမှာ ငါးဂိုးပြတ်နဲ့ အနိုင်ရခဲ့တဲ့ အင်္ဂလန်အနေနဲ့ ဒီပွဲမှာအဆိုပါပွဲတုန်းကလောက် ဂိုးမပြတ်နိုင်ပေမယ့် ညီ့သည်ဘက်ပဲ အားသာသွားဖို့ရှိပါတယ်။

### မက်ဆီဒိုးနီးယား Vs ဘယ်လ်ဂျီယံ

*နံနက် ၂း၁၅ နာရီ(၂၃-၃-၂၀၁၃)*

ဘယ်လ်ဂျီယံဟာ အခုနောက်ပိုင်းဥရောပမှာ သတိပြုရမယ့်အသင်းအဖြစ် ရပ်တည်လာနေတဲ့ အသင်းပါ။ ဟာဇက်၊ ဖယ်လိုင်နီ၊ ဒမ်ဘီလီ၊ ကွန်ပါနေးလ်၊ မီရယ်လက်စ်၊ ဗာတွန်ဂန်၊ ဗာမေလန်၊ လူကာကူတို့လို ကစားသမားကောင်းတွေရှိပြီး အဆိုပါကစားသမားတွေအားလုံးကိုလည်း ဒီခြေစစ်ပွဲအတွက် ရွေးချယ်ခေါ်ယူထားပါတယ်။ ဒါ့အပြင် ဘယ်လ်ဂျီယံဟာ လက်ရှိအချိန်မှာ အုပ်စု(A)ကို ဦးဆောင်နေနိုင်တာမှန်ပေမယ့် အဓိကပြိုင်ဘက်မရှိ ခရိုအေးရှားနဲ့က အမှတ် ကွာဟမှုမရှိဘဲ အမှတ်တူ အခြေအနေဖြစ်နေတာကြောင့် ဒီပွဲမှာအနိုင်ရရှိရေး အားစိုက်လာမှာပါ။ မက်ဆီဒိုးနီးယားက အိမ်ကွင်းမှာ ကစားရမှာဖြစ်ပေမယ့် ဘယ်လ်ဂျီယံကိုတုံ့ပြန်ကစားနိုင်တဲ့ခြေစွမ်းမျိုး မရှိပါဘူး။ အဝေးကွင်းဖြစ်ပေမယ့် ဘယ်လ်ဂျီယံပဲ နှစ်သက်ပါတယ်။

### ခရိုအေးရှားVs ဆားဘီးယား

*ည ၁၁း၃၀ နာရီ(၂၂-၃-၂၀၁၃)*

ခရိုအေးရှားအနေနဲ့လည်း အုပ်စုအေမှာ ဘယ်လ်ဂျီယံနဲ့ အမှတ်တူအနေအထားမှာ အုပ်စုပထမနေရာရဖို့ အားပြိုင်နေရတာကြောင့် အိမ်ကွင်းမှာ အနိုင်ရရှိဖို့ကြိုးစားလာမှာပါ။ ဒီခြေစစ်ပွဲအတွက်လည်း မန်ဇူကစ်၊ ဂျီလာဗစ်၊ ပီထရစ်၊ မိုဒရစ်၊ ရာဘီကစ်၊ ကရန်ဂျာတို့လိုကစားသမားကောင်းတွေကို ရွေးချယ်ခေါ်ယူထားတာတွေ့ရပါတယ်။ ဆားဘီးယားကတော့ အိုင်ဗန်နိုဗစ်၊ ကိုလာရော့စ်၊ ဆူဗိုတစ်၊ နာဆတာဆစ်၊ ပီထရိုဗစ်၊ ကုဇ်မာနိုဗစ်တို့လို ကစားသမားကောင်းတွေရှိပေမယ့် ဒီခြေစစ်ပွဲအတွင်းမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုအားနည်းပါတယ်။

### မြောက်အိုင်ယာလန် Vs ရုရှား

*နံနက် ၂း၁၅ နာရီ(၂၃-၃-၂၀၁၃)*

ရုရှားဟာ ဒီကမ္ဘာ့ဖလားခြေစစ်ပွဲအတွင်း ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ရေးအတွက် ကြိုးစားနေသလို ခြေစွမ်းပိုင်းလည်း တည်ငြိမ်မှုအပြည့်ရှိပါတယ်။ လေးပွဲကစားပြီးရာမှာ လေးပွဲစလုံးအနိုင်ရထားသလို ဒီခြေစစ်ပွဲအတွက်လည်း ဒီနီဆော့ဗ်၊ ဒီဇာဂေါ့စ်၊ ရှီရိုကော့ဗ်တို့ကို ရွေးချယ်ခေါ်ယူထားပါတယ်။ မြောက်အိုင်ယာလန်ကတော့ အိမ်ကွင်းကစားပုံကောင်းမွန်ပေမယ့် ခြေစွမ်းပိုင်းမှာ ရုရှားကို မမီပါဘူး။

### ဆွီဒင် Vs အိုင်ယာလန်

*နံနက် ၂း၁၅ နာရီ (၂၃-၃-၂၀၁၃)*

ဒီနှစ်သင်းဟာ အုပ်စု(C)အတွင်းမှာ ဂျာမနီကို ကျော်ဖြတ်ဖို့ခက်ခဲနေပေမယ့် အုပ်စုဒုတိယနေရာမှာ ရပ်တည်နိုင်ဖို့အတွက် အားစိုက်လာကြဖို့ရှိနေပါတယ်။ အထူးသဖြင့် ဒီနှစ်သင်းဟာ လက်ရှိရပ်တည်မှုအရ ဒုတိယနှင့် တတိယနေရာတွေမှာရှိနေပြီး ကြားကွာဟမှု အမှတ်ကလည်း တစ်မှတ်သာရှိတာကြောင့် အနိုင်ရတဲ့အသင်းဟာ ဒုတိယနေရာရရှိမှာဖြစ်တဲ့အတွက်လည်း ခြေကုန်ထုတ်လာကြမှာပါ။ ဒီနှစ်သင်းစလုံးဟာ ကစားသမားအင်အားပိုင်းရော အသင်းလိုက်ကစားအားပါ ကွာဟမှုမရှိပေမယ့် ဆွီဒင်မှာ အီဘရာဟီမိုဗစ်လို အဆုံးသတ်သေချာတဲ့ တိုက်စစ်မှူးမျိုးရှိသလို အိမ်ကွင်းလည်း ဖြစ်တယ်။

### ချက် Vs ဒိန်းမတ်

*နံနက် ၂း၀၀ နာရီ(၂၃-၃-၂၀၁၃)*

ဒီနှစ်သင်းစလုံးဟာ ဒီခြေစစ်ပွဲအတွင်း ခြေစွမ်းတည်ငြိမ်မှုအားနည်းနေပါတယ်။ ချက်က သုံးပွဲကစားပြီးချိန်မှာ တစ်ပွဲသာအနိုင်ရထားသလို ဒိန်းမတ်ကလည်း သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲလုံးဝရယူထားနိုင်ခြင်းမရှိပါဘူး။ ဒါကြောင့် ဒီနှစ်သင်းစလုံးဟာ ဒီပွဲမှာအနိုင်ရရှိရေးအားစိုက်လာကြမှာဖြစ်သည့်အတွက် အကြိတ်အနယ်ရှိလာမှာပါ။ ဒီနှစ်သင်းဟာ အသင်းလိုက်စုစည်းမှုအားရော ကစားသမားအင်အားပိုင်းပါ ကွာဟမှုမရှိပေမယ့် ချက်က အိမ်ကွင်းအားနဲ့ဖိအားပေးသွားမှာပါ။

**ရှိုင်းမင်းမင်း**













## မွေးနေ့မင်္ဂလာဆုတောင်းလွှာ

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နေ ဒေါ်ခင်မာမြအတွက်

မွေးနေ့ဆုတောင်း

ဒေါ်ခင်မာမြ၏ ၁၃၇၄ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက် (ကြာသပတေးနေ့)တွင် ကျရောက်သည့် (၅၈)နှစ်မြောက် မွေးနေ့ရက်မြတ်မင်္ဂလာမှစ၍ နောင်နှစ်ပေါင်း(၁၂၀)တိုင်အောင် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့် တိုင်းပြည်အကျိုး၊ ဘာသာသာသနာအကျိုး၊ မိသားစုအကျိုး၊ မိတ်ဆွေအပေါင်းအသင်းအများအကျိုးတို့ကို ဆတက်တိုး၍ သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းများတောင်းလိုက်ပါသည်။

မောင် - ဦးဇော်ဝင်းမြ-ပါမောက္ခဒေါက်တာနွဲ့နွဲ့ရီ

တူ - မောင်ချမ်းဇော်၊ မောင်ကောင်းထက်ဇော်

တူမ - မရွှန်းလဲ့ရီ (TTC ကမာရွတ်)










**ရောင်းမည်**

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မွေးမြူရေးဇုန်(စက်မှုဇုန်-၅နှင့်ကပ်လျက်) (၁)ကေနီးပါးရှိဂရန်မြေ၊ ခြံစည်းရိုးခတ်ပြီး၊ ပေ(၁၂၀×၈၀) အဆောက်အအုံဆောက်ပြီး ရေ၊ မီးအစုံ လုပ်ငန်းလုပ်ရန် အသင့်နေရာကောင်း (ပိုင်ရှင်ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့်ရောင်းမည်)

ဖုန်း-၀၉-၇၃၀၈၈၉၂၅၊၀၉-၇၃၀၁၃၈၇၉






## အထက်မြန်မာပြည်သတင်း

# ပြည်ကြီးမဂ်လာအဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်းဖွင့်



**မန္တလေး မတ် ၂၀**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ပြည်ကြီးမဂ်လာအဝေးပြေး ကုန်တင်ယာဉ်ရပ်နားစခန်းကို မတ် ၁၃ ရက် နံနက်ပိုင်းက ဖွင့်ပွဲအခမ်းအနားကျင်းရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ စည်ပင်သာယာရေး ဝန်ကြီးနှင့် မြို့တော်ဝန် ဦးအောင်မောင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ဆန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ၁၉၉၇ ခုနှစ်က လူနေကျဲပြီး မြို့စွန်ဖြစ်သည့် ကွဲဆည်ကန်တွင် ချမ်းမြရွှေပြည်ယာဉ်ရပ်နားစခန်းကို ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ ရပ်နားခွင့်အတွက် တည်ဆောက်ပေးခဲ့သည်။ တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးပွားလာခြင်း၊ မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ တိုးတက်များပြားလာခြင်း၊ ကားဝင်းအတွင်း တိုးတက်ဖွင့်လှစ်ထားသည့် ကားဂိတ်များ၊ မြို့တွင်းနေရာအသီးသီးတွင် ဖွင့်လှစ်ထားသော ကုန်ကားဂိတ်များကြောင့် ကုန်တင်ယာဉ် ဝင်ရောက်လာခြင်းများ များပြားလာရာ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လာသည်။ ချမ်းမြရွှေပြည် ယာဉ်ရပ်နားစခန်းအား စတင်ဖွင့်လှစ်စဉ်က မြို့ပြင်ဖြစ်သော်လည်း လူဦးရေတိုးတက်များပြားလာမှုကြောင့် ယခုအခါ မြို့တွင်းဧရိယာအဖြစ်သို့ မသိမသာ ရောက်ရှိလာကာ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်လာသဖြင့်လည်းကောင်း၊ မြို့တွင်းတည်ရှိသော ကုန်တင်ဂိတ်များကို လည်းကောင်း စုစုစည်းစည်းဖြင့် တစ်နေရာတည်းတွင် ဖြစ်စေလိုခြင်းတို့ကြောင့် ချမ်းမြရွှေပြည် ယာဉ်ရပ်နားစခန်းရှိ ကုန်ကားဂိတ်များနှင့် မြို့တွင်းရှိ ကုန်ကားဂိတ်များကို လူဦးရေ ကျဲပါးပြီး မြို့စွန်နေရာတွင် ပြည်ကြီးမဂ်လာ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းကို တည်ဆောက်ပေးခြင်းဖြစ်သည်။

လက်ရှိတည်ဆောက်ပြီးစီးသည့် အဆောက်အအုံများမှာ ၂၅ပေ× ပေ ၆၀ အာစီ နှစ်ထပ် ကုန်တင်ဂိတ်ခန်း ၁၅၀၊ ပေ ၂၀ × ပေ ၄၀ အာစီ နှစ်ထပ် ကုန်တင်ဂိတ်ခန်း ၁၃၉ ခန်း၊ ပေ ၃၀ × ၄၆ ပေ အာစီ လေးထပ် စက်ပစ္စည်းအရောင်းဆိုင်ခန်း ၄၀၊ ပေ ၂၀ × ၃၄ ပေ အာစီ နှစ်ထပ် ဈေးဆိုင်ခန်း ၂၀၊ ပေ ၈၀ × ပေ ၂၅၀ ဂိုဒေါင် ငါးလုံး တည်ဆောက်ပေးထားပြီး ထပ်မံလိုအပ်သည့် ကုန်တင်ဂိတ်များအတွက် လက်ရှိဂိုဒေါင်နေရာအား ယာယီအသုံးပြုခွင့်ပေးထားသည်။ အဆိုပါ ပြည်ကြီးမဂ်လာ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းတွင် ရေရရှိရေးအတွက် ဂါလန် ငါးသောင်းဆံ့ မြေအောက်ရေလှောင်ကန် တစ်ကန်၊ ဂါလန် နှစ်သောင်းဆံ့ စင်မြင့်ရေလှောင်ကန် လေးကန် တည်ဆောက်ပေးထားပြီး မီးရရှိရေးအတွက် ၃၁၅ KVA ထရန်စဖော်မာ နှစ်လုံး တပ်ဆင်ပေးထားသည်။

ဆက်လက်ပြီး လိုအပ်နေသော ကုန်ကားဂိတ်များ၊ ပေ ၄၀ × ၁၆၅ ပေရှိ အာစီ ငါးထပ် မိုတယ် သုံးလုံး၊ မီးသတ်အဆောက်အအုံ၊ အကောက်ခွန်ရုံး၊ ဘဏ်အဆောက်အအုံ၊ ကျန်းမာရေးဆေးပေးခန်း၊ အနားယူအပန်းဖြေနေရာ နှစ်နေရာ၊ ကားပြင်ဝပ်ရှော့တို့ကိုလည်း တည်ဆောက်ရန်ရှိပြီး ကုန်စည်စီးဆင်းမှု၊ ဝန်ဆောင်မှုပေးနိုင်သည့် နေရာသစ်တစ်ခုပင်ဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် အာဆီယံနိုင်ငံများသည် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဇုန်ကို အကောင်အထည်ဖော်ရာတွင် ကုန်စည်ပို့ဆောင်ရေးသည်လည်း အဓိကပါဝင်ရာ ကုန်စည်ပို့ဆောင်ရေးကားဝင်းများ တစုတစည်းတည်း စနစ်တကျရှိရန် လိုအပ်သည်ဖြစ်ရာ ကုန်ဂိတ်လုပ်ငန်းရှင်များနှင့် ကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းက တည်ဆောက်ပြီးစီးသွားသည့် ပြည်ကြီးမဂ်လာ အဝေးပြေးကုန်တင်ယာဉ်ရပ်နားစခန်းစီမံကိန်း အကောင်အထည်ဖော်ရာတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝိုင်းဝန်းပူးပေါင်းလက်တွဲရန် မေတ္တာရပ်ခံထားသည်။

(ဝဝ၂)

# မော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်းဖွင့်

**မန္တလေး မတ် ၂၀**

"ဆေးသုံးစွဲသူ ဝိုင်းဝန်းကူ လူမှုဘဝသစ်ရောက်ရှိအောင် ပြန်လည်တို့ထူထောင်" ဆိုသည့်ဆောင်ပုဒ်နှင့်အညီ မူးယစ်ဆေးဖြတ်ပြီးသူ လူငယ်များအတွက် ဘဝသစ်ထူထောင်ကာ မိမိဘဝ မိမိရပ်တည်နိုင်ရေးအတွက် အထောက်အကူပြုမည့် မော်တော်ဆိုင်ကယ်ပြုပြင်ရေးသင်တန်းနှင့် လေထိုးကျွတ်ဖာသင်တန်းကို မန္တလေးမြို့ မြောက်ပြင်ရပ်ရှိ လူမှုဝန်ထမ်းဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်း၊ မူးယစ်ကြီးကြပ်ရေးရုံးခန်းမတွင် မတ် ၁၅ ရက်နေ့က စတင်သင်ကြားလျက်ရှိသည်။

"မူးယစ်ဆေးဝါးဟာ ထပ်ခါတလဲလဲ ပြန်လည်သုံးစွဲလိုတဲ့ ဆန္ဒကို ဖြစ်ပေါ်စေတဲ့ဆေးဝါးဖြစ်တာကြောင့် အခုလို အလုပ်ပေးကုထုံးနဲ့ ကုသပေးတာလည်း ဖြစ်ပါတယ်"ဟု မန္တလေးပြန်လည်ထူထောင်ရေးစခန်းမှ မန်နေဂျာ ဦးခင်ထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းအား မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသည့် ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုကော်မတီ (CCDAC)၊ လူမှုဝန်ထမ်းဦးစီးဌာန ပြန်လည်ထူထောင်ရေးစခန်းနှင့် Treatnet II Project (UNODC) တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်သည်။

မော်တော်ဆိုင်ကယ်ပြုပြင်ရေးနှင့် လေထိုးကျွတ်ဖာသင်တန်းကို ဧပြီ ၄ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသား ၂၁ ဦး တက်ရောက်သင်ကြားလျက်ရှိသည်။

သင်တန်းသားလက်ခံခြင်းနှင့် ပတ်သက်ပြီး မေးမြန်းရာ "ပြန်လည်ထူထောင်ရေးစခန်းမှာ သင်တန်းသားအဖြစ်ခံယူချင်တယ်ဆိုရင် မူးယစ်ဆေးဖြတ်ချင်တယ်ဆိုတဲ့စိတ်ရှိဖို့က အဓိကပဲ။ အသက် (၁၈) နှစ်ပြည့်ပြီး မိမိဆန္ဒအရ သင်တန်းတက်ရောက်လိုသူ၊ NGO, INGO အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများက စည်းရုံးပို့ဆောင်ပေးသူတွေကို လက်ခံပေးပြီး ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်မှု ပြုလုပ်ပေးပါတယ်"ဟု မန်နေဂျာ ဦးခင်ထွန်းက ရှင်းလင်းပြောကြားသည်။

အသက်မွေးဝမ်းကျောင်းပညာရပ်များအနေဖြင့် အားကစားတံဆိပ်ရိုက်လုပ်ငန်း၊ နှင်းဆီပင် ကိုင်းကူး၊ ကိုင်းဆက်လုပ်ငန်းကိုလည်း စာတွေ့၊ လက်တွေ့ သင်ကြားပေးလျက်ရှိသည်။ မန္တလေးပြန်လည်ထူထောင်ရေးစခန်းတွင် ၁၉၉၁ ခုနှစ်မှ ၂၀၁၂ ခုနှစ်အတွင်း ၆၆၇ ဦး သင်တန်းဆင်းပြီး သက်ဆိုင်ရာစေတနာ့ဝန်ထမ်း မူးယစ်ကြီးကြပ်ရေးမှူးများ၊ မူးယစ်ဆေးဝါးသုံးစွဲမှုသံသရာတွင် ပြန်လည်၍ လည်ပတ်မှုမရှိစေရန် စီမံဆောင်ရွက်ထားကာ သုံးစွဲမှုပပျောက်ရေး ကဏ္ဍကိုလည်း မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဘဦး)**



# လယ်ကိုင်းကျောင်းတော်ရာ စန္ဒကူးနံ့သာပင်များ အောင်မြင်ဖြစ်ထွန်း

**ပခုက္ကူ မတ် ၂၀**

တန်ဖိုးရှိပြီး ရှားပါးသည့် ဆေးဖက်ဝင်စန္ဒကူးနံ့သာပင်များ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျောင်းတော်ရာ မြတ်စွာဘုရားပရိဝုဏ်အတွင်း၌ ဖြစ်ထွန်းရှင်သန်လျက်ရှိကြောင်း သိရသည်။ စန္ဒကူးနံ့သာပင်များသည် ဖြစ်ထွန်းရန်ခက်ခဲသော်လည်း ကျောင်းတော်ရာ ဘုရားဝင်းအတွင်း အပင်ပေါင်း ၂၅၀၀ ကျော်ကို သစ်တောဌာနမှ ပြုစုပျိုးထောင်စိုက်ပျိုးထားခြင်းဖြစ်သည်။ အဆိုပါဒေသတွင် ၁၉၉၂ ခုနှစ်မှ စတင်၍ နိုင်ငံတော်မှ တာဝန်ယူလျက် စန္ဒကူးနံ့သာပင်များ အပင်ပေါင်း ၂၅၀၀ စိုက်ပျိုးလာကြောင်း သိရသည်။ စန္ဒကူးနံ့သာပင်သည် ၁၀ ပေ၊ ၁၅ ပေအမြင့်ရှိပါက ငွေကျပ်ငါးသိန်းမှ ၁၀ သိန်းဝန်းကျင်အထိ ဈေးကောင်းရသည်။ စန္ဒကူးနံ့သာပင်များသည် ပုပ္ပား၊ ရမည်းသင်း၊ သစ်ဆိုဆည်ဒေသများ၌ ဖြစ်ထွန်းအောင်မြင်ကြောင်း၊ ကပ်ပါးပင်ဖြစ်၍ အပင်အနီးတွင် ပိတ်သင်းကပ်၊ ပင်လယ်ကဗွီးပင်၊ မဲဇလီပင်များ စိုက်ပျိုးထားရကြောင်း၊ ထုံး၊ ဆားဓာတ်မကြိုက်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။ **နေဦးမောင် (ပခုက္ကူ)**

# မုံရွာမြို့ပြည်သူ့ဆေးရုံကြီးတွင် မျက်စိအခမဲ့ခွဲစိတ်ကုသ

**မုံရွာ မတ် ၂၀**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လှူဒါန်းမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ မျက်စိခွဲစိတ်ပေးမှုကို မတ် ၁၅ ရက်မှ မတ် ၁၇ ရက်အထိ သုံးရက်တိုင် ခွဲစိတ်ကုသပေးလျက်ရှိကြောင်း သိရသည်။ ထိုသို့ ခွဲစိတ်ကုသရာတွင် မျက်စိနှစ်ဖက်တိမ်ရှိ လူနာများ၊ မျက်စိတစ်ဖက်တိမ်ရှိ လူနာများကို မုံရွာမြို့ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့် မေ့ဆေးအထူးကုဆရာဝန်၊ သူနာပြုရှစ်ဦးတို့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့မှ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ ထိုသို့ အခမဲ့ ခွဲစိတ်ကုသရာတွင် မုံရွာမြို့နယ်မှ မျက်စိလူနာ ၁၂ ဦး၊ ရေစကြိုမြို့နယ်မှ ခုနစ်ဦး၊ ကနီမြို့နယ်မှ နှစ်ဦး၊ မင်းကင်းမြို့နယ်မှ နှစ်ဦး၊ မြောင်မြို့နယ်မှ နှစ်ဦး၊ ကလေးဝမြို့နယ်မှ နှစ်ဦး၊ ခင်ဦးမြို့နယ်မှ တစ်ဦး၊ ဘုတလင်မြို့နယ်မှ တစ်ဦး၊ ဆားလင်းကြီးမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့မှ တစ်ဦးစီ စုစုပေါင်း မျက်စိလူနာ ၃၁ ဦးတို့အား အခမဲ့ ခွဲစိတ်ကုသပေးခဲ့ကြောင်း သိရသည်။

"မျက်စိအခမဲ့ ကုသပေးနေတာတွေ မြန်မာနိုင်ငံ တစ်နံတစ်လျားမှာ ပြုလုပ်ပေးနေတာ ကြားရတော့ ကြည်နူးမိပါတယ်။ တစ်ဦးချင်းရဲ့ မျက်စိ၊ ခန္ဓာကိုယ်ကျန်းမာသန်စွမ်းနေမှသာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့်ဆင့် နိုင်ငံအထိ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို ထမ်းဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။ စစ်ကိုင်းတောင်ဝါးချက်နဲ့ သီတဂူဆေးရုံမှာလည်း ဆရာဝန်ကြီးတွေရှိရင် ရှိသလို အခမဲ့ ဆောင်ရွက်ပေးနေတာ ကြားရတော့ လူနာတွေအတွက် ဝမ်းသာမိပါတယ်" ဟု မုံရွာဒေသခံတစ်ဦးက ပြောပြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**


**နန်းထိုက်တော်ဝင် ဓားသောက်ကုန် နည်းပညာ သင်တန်း**

**အရင်း နည်းနည်း အမြတ်များများ ဈေးခဲမုန့် လုပ်ငန်း**

**ဈေးနှုန်းသက်သာ (ဝန်တာဦး) ဈေးခဲမုန့်စက် ရောင်းသည်။**


## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၈၄၃၃၆၊ Kenbo 100 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးထွန်းသိန်းဝင်း မှတ်ပုံတင်အမှတ် [၉/စကန (နိုင်)၀၀၀၃၃၀]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## အိတ်ဖွင့်လေလံကြော်ငြာခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီးမှ သတင်းစာပုံနှိပ်လုပ်ငန်း အသုံးပြုပြီးစွန့်ပစ်ပစ္စည်း(၃)မျိုးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များအား ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီးတွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၅-၃-၂၀၁၃ရက် ၁၂း၀၀နာရီအရောက် လေလံအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်တင်သွင်းရန်နှင့် သတ်မှတ်ချိန်ထက်နောက်ကျသော လေလံလျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ စွန့်ပစ်ပစ္စည်း(၃)မျိုးလုံး ဝယ်ယူမည့်သူအား ဦးစားပေးရောင်းချမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၀၈၁-၂၁၂၁၁၆၄ နှင့် ၀၉-၅၂၁၄၃၅၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံစိစစ်ရောင်းချရေးအဖွဲ့**
**ကိုယ်ပွားသတင်းစာတိုက်၊ တောင်ကြီး**
**ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်**
**တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၂၀၇၆၈၊ Honda C 90 Custom CM5 ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မိုးမိုးအောင် မှတ်ပုံတင်အမှတ် [၉/မမန(နိုင်)၀၁၂၃၅၃] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၃ယ/၈၁၀၈၊ YES BO-125 ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ အမည် ဦးသိန်းဇော် မှတ်ပုံတင်အမှတ် [၅/စကန(နိုင်)၀၇၁၁၃၇] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

## အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ၁၉×၂၀ လမ်းကြား၊ ၈၆×၈၇ လမ်းကြား၊ ရွှေပြည်အရှေ့ရပ်၊ ချစ်တီးဝင်းနေ ဦးမင်းနိုင်-ဒေါ်သန်းကြွယ်၏ သားဖြစ်သူ မောင်ကျော်မင်းထွန်း [၉/အမဇ(နိုင်)၀၄၂၀၆၃]သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံမှုမရှိခြင်း၊ မိဘများ၏ ဂုဏ်သိက္ခာထိခိုက်အောင်ပြုမူခြင်းတို့ကြောင့် ၎င်းအား အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝတာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းနိုင်-ဒေါ်သန်းကြွယ်**

## ဇနီးအဖြစ်မှစွန့်လွှတ်ပြီးဖြစ်ကြောင်း ကြေညာခြင်း

ကျွန်တော် ဦးသောင်းရင်ဦး မှတ်ပုံတင်အမှတ်[၅/ဆလက(နိုင်)၀၀၅၆၈၇]၏ ဇနီးဖြစ်သူ ဒေါ်စိန်မြမြ(ခ)မချို မှတ်ပုံတင်အမှတ်[၉/ပခက(နိုင်)၁၇၀၄၅၅]သည် သည်းခံခွင့်မလွှတ်နိုင်သော ကိစ္စရပ်များကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ပြီး စိတ်ဆင်းရဲမှုအမျိုးမျိုးဖြစ်ပေါ်အောင်ပြုမူခဲ့၍ လွန်ခဲ့သော (၃)နှစ်ကျော်ခန့်မှစပြီး ဇနီးအဖြစ်မှစွန့်လွှတ်၍ ပြတ်စဲပြီးဖြစ်ကြောင်းကြေညာအပ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် ကျွန်တော်နှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါ။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးသောင်းရင်ဦး [၅/ဆလက(နိုင်)၀၀၅၆၈၇]**

**အခန်းဆက်ဝတ္ထု**

# နှင်းငွေတစ်တောင့် မိုးတစ်မှောင့်



တက္ကသိုလ် ဘုန်းနိုင်

**(ယမန်နေ့မှအဆက်)**

အိတ်ပေါ်တွင် ပန်းခက်ပါသည်။ ဘောင်းဘီရှည် အညို နုကား အကျပ်ဘက်လုသည့် ခေတ်ပုံဖြစ်၏။

ဘယ်ဘက်လက်သူကြွယ်ရှိ လက်စွပ်မှ ပတ္တမြားကြီးကား ရွှဲစိုအောင် အရည်ကောင်းလှ၏။

အိမ်မှာ တွေ့စဉ်ကလည်းကောင်း၊ ဂေါက်ကွင်းတွင် တွေ့စဉ်ကလည်းကောင်း ဦးနေအောင်၏ကိုယ်ကို သယ်ဆောင်ပုံဟန်ပန်သည် မိမိကိုယ်ကို စိတ်ချယုံကြည်မှု အပြည့်ရှိသည့် လောကဝယ် အောင်မြင်သူတစ်ဦး၏ ဟန်ပန်မျိုးဖြစ်၏။

ယခုတော့ အနည်းငယ် ချုပ်ချုပ်ယိုယို့ နိုင်သည်။

"လာပုံထူးတယ်၊ ဆိုစမ်းပါဦး ဦးနေအောင်"

"ထူးဆို ကိုယ်ရေးကိုယ်တာ ပြောစရာရှိလို့ပါ၊ ဒီမှာ လွတ်လွတ်လပ်လပ် ပြောနိုင်ပါတယ်နော်"

ဦးခင်မောင်သန်းက လက်တွေ့စိတ်ပညာသင်တန်းကို သွားကြီးကြပ်နေသောကြောင့် အခန်းတွင်းမှာမရှိ။

"ကျွန်တော်တို့ နှစ်ယောက်တည်းပဲ ပြောနိုင်ပါတယ်"

"ကိုယ်ရေးကိုယ်တာကိစ္စပေမယ့် ကျွန်တော့်အကြောင်း မဟုတ်ပါဘူး၊ မွန်မွန့် ကိစ္စပါ"

"သြော် . . . ဟုတ်ကဲ့"

"မွန်မွန်ဟာ သာမန်မိန်းကလေးတစ်ယောက်နဲ့ မတူတာကို ဆရာလည်း စိတ်ပညာရှင်တစ်ဦးပဲ၊ အကဲခတ်မိမှာပေါ့"

ဦးမြင့်နွယ်က ဆိတ်ဆိတ်သာနေ၏။

"မွန်မွန့်ရောဂါ ဖြစ်လာပုံက ဆန်းတယ်၊ ဆန်းတယ်ဆိုတာက ဒီလိုပဲ နေရင်းထိုင်ရင်း အကောင်းပကတိကနေ လက်တစ်ခြမ်း သေသွားတာပဲ"

"ဖျားလို့နာလို့ ထိခိုက်ဒဏ်ရာရလို့၊ ဒီလိုကြောင့် မဟုတ်ဘူးပေါ့ "

"မဟုတ်ဘူး တစ်မနက် အိပ်ရာက မထသေးဘူး၊ သူ့အမေက သွားကြည့်တော့ ငိုနေတယ်၊ မေးကြည့်တော့ ညာလက်တစ်ဖက်က လှုပ်လို့မရတော့ဘူးတဲ့"

ဦးမြင့်နွယ်က စိတ်ဝင်စားစွာ နားထောင်၏။

"တိုတိုပြောရရင်တော့ ဆရာရယ်၊ ကျွန်တော်တို့မှာက ဒီသမီးလေး တစ်ယောက်တည်းရှိတယ် မဟုတ်လား၊

နည်းမျိုးစုံနဲ့ ကုတာပဲ၊ ဆရာဝန်ပေါင်း၊ ဆေးရုံပေါင်းလည်း စုံပြီ၊ မြန်မာဆရာကော အနှိပ်ရော၊ ကုန်ကုန်ပြောမယ် ဆရာ၊ ရိုးရာဆိုလို့ ကျွန်တော် ကနားတောင်ပေးခဲ့တယ်၊ ထူးမလာပါဘူး "

"ဆရာဝန်တွေက ဘာပြောလဲ"

"ပထမတော့ သူတို့လည်း သိပ်ခိုင်ခိုင်မာမာ မပြောဘူး၊ ထိန်းထိန်းသိမ်းသိမ်းပဲ ပြောကြတယ်၊ ကျွမ်းကျင်သူ တစ်ဆင့်ပြီးတစ်ဆင့်သာ လွှဲပေးကြတယ်၊ နောက်ဆုံး စပယ်ရှယ်လစ် တစ်ဦးကျမှ အဲ . . . စိတ်ရောဂါလို့ ဆုံးဖြတ်တယ် ဆရာ"

"စိတ်ရောဂါကု ဆေးရုံကြီးကော ခေါ်မသွားဘူးလား"

"အဲဒါတော့"

ဦးနေအောင်သည် ခေတ္တ စကားဆိုင်းငံ့သွား၏။

"အမှန်ပြောရရင် စိတ်ရောဂါဆိုတာ ဆရာဝန်က ပြောလို့သာ လက်ခံရတယ်၊ ကျွန်တော်တို့အနေနဲ့က ယုံဖို့ခက်နေတယ်၊ ကျွန်တော့်သမီး ငယ်ငယ်ရွယ်ရွယ်လေးမှာ စိတ်ရောဂါ ဖြစ်ရမလား၊ ဒါဖြစ်တော့ မွန်မွန့်အသက်က ဆယ့်ငါးနှစ်လောက်ပဲ ရှိသေးတာ၊ ကျွန်တော့်သမီးလေးမှာ ဘာမှ စိတ်ဆင်းရဲစရာလဲ မရှိဘူး၊ ကျွန်တော့်သမီးကို ကျွန်တော်ထားတာလည်း ကြွားတာမဟုတ်ပါဘူး ဆရာ၊ မိဘတိုင်း မထားနိုင်ပါဘူး၊ ဘာမှ လိုလေသေးမရှိဘူး၊ ပြီးတော့ စိတ်ရောဂါဆိုရအောင်လည်း ဘာအရိပ်အငွေ့မှ မတွေ့ရဘူး၊ အခု ဒီလိုဖြစ်ပြီးမှတော့ နည်းနည်းပြောင်းလဲတာမျိုးတော့ ရှိတယ်လေ၊ ဒါတော့ ကျွန်တော် နားလည်နိုင်ပါတယ်၊ ကလေးဟာ ဘယ်စိတ်ချမ်းသာနိုင်မလဲ၊ ပြီးတော့ မွန်မွန်ဟာ အင်မတန် ဉာဏ်ကောင်းတယ် ဆရာ၊ အဲဒါဖြစ်တော့ မွန်မွန်ဟာ ကိုးတန်းမှာ ဆရာ၊ အမြဲတမ်း စာမှာထိပ်ကပဲ၊ လူရည်ချွန်တောင် ခရိုင်အဆင့်အထိ ပါဖူးတယ် ဆရာ"

"ခဏနေဦး ဦးနေအောင်၊ စိတ်ရောဂါဟာ ဘာမှ မဆိုင်ဘူး၊ ဉာဏ်ကောင်းလို့ စိတ်ရောဂါမဖြစ်ဘူးလို့ ယူလို့မရဘူး"

" အဲဒါတော့ ကျွန်တော်မသိဘူး၊ ကျွန်တော်ဆိုလိုတာ ဟိုဒင်း"

ဦးနေအောင်သည် စကားရှာမရဟန် ရပ်သွား၏။

"ကျွန်တော် နားလည်ပါတယ်၊ စိတ်ရောဂါဆိုတဲ့ အချက်ကို ဦးနေအောင် လက်မခံနိုင်ဘူး၊ လူအတော်များများဟာ လက်မခံနိုင်ကြပါဘူး"

"ကျွန်တော်က ဒီလောက်ကြီးတော့လည်း မဟုတ်ပါဘူး၊ စာတွေ ဘာတွေထဲမှာလည်း ဖတ်ဖူးပါတယ်၊ ရုပ်ရှင်ထဲမှာလည်း ကြည့်ဖူးပါတယ်၊ ဒါပေမယ့် မြန်မာပြည်မှာ ဒါမျိုးမဖြစ်နိုင်ဘူး၊ အလကား စိတ်ကူးယဉ်ထားတာ ထင်နေတာ"

"မြန်မာဟာလည်း လူ၊ စိတ်နဲ့ ပတ်ဝန်းကျင်နဲ့၊ ရုပ်နဲ့ နာမ်နဲ့၊ မြန်မာပြည်မှာ ဖြစ်နေတာတွေ ရှိတာပေါ့၊ ဒါပေမယ့် အဲဒီရောဂါရှင်တွေက ဆရာဝန်တွေ စိတ်ပညာရှင်တွေဆီ ရောက်မလာဘူး၊ ပယောဂဆရာတွေ နတ်ကတော်တွေဆီသာ ရောက်ကုန်ကြတာ"

"ဒါဖြင့် ဆရာဆိုလိုတာက မွန်မွန့်မှာ စိတ်ရောဂါ ရှိတာ မှန်တယ်၊ ဒီလိုလား"

" အဲဒီလို ကျွန်တော် မပြောနိုင်သေးဘူး၊ ဒါပေမယ့် စပယ်ရှယ်လစ် ဆရာဝန်ကြီးတစ်ဦးရဲ့ ဆုံးဖြတ်ချက်ဆိုတော့ လေးစားရမှာပေါ့၊ ဆရာဝန်ကြီးတွေဟာ ကိစ္စတစ်ခုကို စိတ်ရောဂါလို့ အလွယ်တကူ မဆုံးဖြတ်ကြဘူး၊ အလွန်သတိထားကြပါတယ်၊ ကျွန်တော်တို့ကလည်း ရုပ်ပိုင်းဆိုင်ရာ ဆရာဝန်ကြီးတစ်ဦးက ရုပ်ရောဂါမဟုတ်ပါဘူး၊ အဆုံးအဖြတ် မပေးမချင်း စိတ်ရောဂါလို့ လက်မခံပါဘူး"

"ထားပါတော့လေ၊ စိတ်ကြောင့်တကယ် အဲဒီလို ဖြစ်နိုင်သလား၊ ယေဘုယျတော့ ကြားဖူးနားဝ ကျွန်တော့်မှာ ရှိပါတယ်၊ ကျွန်တော်သိချင်တာက ဟိုဒင်း . . . နည်းနည်း . . . အဲ . . . တိတိကျကျလေး၊ စိတ်တော့မရှိနဲ့နော် ဆရာ"

"ကိစ္စမရှိပါဘူး၊ ရှင်းပြရမှာက ကျွန်တော်တို့ ဝတ္တရားပါ၊ ဆိုက်ကိုချူရိုးဆစ် သို့မဟုတ် အတိုကောက်ချူရိုးဆစ်ဆိုတဲ့ ရောဂါအကြောင်း ဦးနေအောင် ကြားဖူးမှာပေါ့၊ အနည်းဆုံး ဝတ္ထုထဲ၊ ရုပ်ရှင်ထဲမှာ ပါတာလောက်ပေါ့"

"ဟုတ်ကဲ့ ကြားဖူးပါတယ်"

"ချူရိုးဆစ်ရောဂါတစ်မျိုးက ရုပ်ခန္ဓာ ဘာမှမဖြစ်ဘဲ ရုပ်ဝေဒနာရတာ၊ အဲဒီမှာ နှစ်ပိုင်းရှိတယ်၊ တစ်ပိုင်းက အာရုံတရား ချို့ယွင်းသွားတာ၊ ဥပမာ မမြင်ဘူး၊ မကြားဘူး၊ အထိအတွေ့မသိဘူး၊ တစ်ပိုင်းကတော့ အာရုံတရားက အကောင်း၊ ဒါပေမယ့် လှုပ်ရှားမှု ချို့ယွင်းသွားတာ၊ မလှုပ်နိုင်ဘူး၊ မကိုင်နိုင်ဘူး၊ မလျှောက်နိုင်ဘူး"

"အဲဒါတွေကို စိတ်နဲ့ကုလို့ရသလား"

"ရပါတယ်၊ ကျွန်တော်တို့ဌာနက ကုပေးတာ သုံးဦးလောက်ရှိပြီ၊ အကြီးစားထဲကတော့ မဟုတ်ဘူး၊ ရိုက်တားစ် ခရင့်ပ်ဆိုတာမျိုး၊ စာရေးလို့မရတာ၊ လက်က ကျန်တာ အကုန်လုပ်လို့ရတယ်၊ အဲ . . . ဖောင်တိန်ကိုင်ပြီး စာရေးလို့တော့ ဘယ်လိုမှ မရဘူး၊ ဆရာဝန် ထောက်ခံချက်နဲ့ ကျွန်တော်တို့ဆီ ရောက်လာကြတာပါ"

"ဟာ . . . ဒါဖြင့် တကယ်ရှိတာပေါ့"

"ရှိတာပေါ့၊ လူငယ်တစ်ယောက် ကိစ္စကတော့ တစ်မျိုး၊ သူ့မှာတော့ အော့ပ်ဆက်ရှင်လို့ခေါ်တဲ့ စိတ်မှာ မပေါ်ဘဲ မနေနိုင်တဲ့ ရောဂါလည်း ပါနေတယ်၊ သူ့ဟာက ရယ်စရာပဲ၊ နတ်အုန်းသီးမြင်ရင် လက်သီးနဲ့ထိုးချင်တဲ့ ရောဂါ"

"ဗျာ . . . နတ်အုန်းသီးမြင်ရင် လက်သီးနဲ့ထိုးချင်တဲ့ ရောဂါ"

" ဒီလိုပဲ ဆိုကြပါစို့၊ သူ့ဟာက အိမ်တွင်းအုန်းဖြစ်စေ၊ နတ်ပွဲက အုန်းဖြစ်စေ မြင်ရင်လက်သီးနဲ့ သိပ်ထိုးချင်တယ်၊ ထိုးချင်တာ မဟုတ်ပါဘူးလေ၊ စိတ်ထဲမှာတော့ တကယ်ကို ထိုးပစ်လိုက်တာပဲ၊ အဲဒီလို မနေနိုင် မထိုင်နိုင် စိတ်နဲ့ထိုးပြီးမှ တစ်ခါ မနေနိုင်မထိုင်နိုင် ကြောက်ပြန်ရော၊ အဲဒီကနေ နောက်တော့ လက်တစ်ဖက်က လက်သီးဆုပ်လို့မရ ဖြစ်လာတယ်၊ ကုလွှတ်လိုက်ရပါသေးတယ်"

"အဲဒါတွေက ဘာကြောင့်ဖြစ်တာလဲ"

"နားလည်တဲ့အထိ ရှင်းပြရမယ်ဆိုရင် ဦးနေအောင်ကို စိတ်ပညာယူခိုင်းရလိမ့်မယ်၊ သဘောလောက်ပဲ ကျွန်တော် ရှင်းပြမယ်၊ မလှုပ်နိုင်ဘူး မကိုင်နိုင်ဘူးဆိုတဲ့ လက္ခဏာတွေဟာ အမှန်က စိတ္တဇသင်္ကေတတွေ၊ သင်္ကေတဆိုတာ သဘောတစ်ခုကို အမှတ်အသားပြုထားတာ၊ ချူရိုးဆစ်ရောဂါရဲ့ လက္ခဏာတွေကို သင်္ကေတအဖြစ်ယူပြီး အခြေခံ အစစ်အမှန်သဘောကို ရှာဖွေဖွင့်ကြည့်ရတယ်၊ အဲဒီလိုကြည့်ရင် လက္ခဏာတွေနဲ့ ဆက်စပ်နေတဲ့ အပြင်းအထန် ခံစားမှုအခြေအနေကို တွေ့ရတယ်၊ စိုးရိမ်ခြင်း၊ ကြောက်ရွံ့ခြင်း၊ လိပ်ပြာမသန့်ခြင်း စတဲ့ ခံစားမှုတွေပေါ့၊ ရောဂါလက္ခဏာဟာ အဲဒီခံစားမှုတွေ မပေါ်အောင် တားထားတဲ့သဘော ဖြစ်နေတတ်တယ်၊ အဲဒီမှာ ပြဿနာဝင်တာပဲ၊ ရောဂါရှင်ဟာ သူ့ရောဂါလက္ခဏာကို နှစ်သက်သိမ်းပိုက်ထားတာပဲ၊ သူနှစ်သက် သိမ်းပိုက်ထားတာကို သူသိသလားဆိုတော့လည်း မသိဘူး၊ ဒါကြောင့် မသိစိတ်က နှစ်သက်သိမ်းပိုက်ထားတာလို့ အလုပ်သဘောပြောရတယ်၊ ဘာကြောင့် နှစ်သက်သိမ်းပိုက်ထားတာလဲဆိုတော့ ဒါကို ဖယ်လိုက်ရင် သူသိပ်ကြောက်တာကြီး ဘွားဘွားပေါ်လာမှာကိုး၊ မပေါ်လာအောင် ရောဂါလက္ခဏာ အကူအညီနဲ့ သူက ဖိထားရတာ၊ အဲဒီစိတ်ဝေဒနာ ဖိထားခြင်း (ဝါ) မသိစိတ်ရဲ့ဖိထားခြင်း ဖိဆန်ခြင်းလို့ ခေါ်တယ်၊ ဖိဆန်ခြင်းက ဖိထားလို့ စိတ်သန္တာန်ရဲ့ အောက်လွှာမှာ မြုပ်နေရတဲ့ ဆန္ဒတွေ၊ လိုအင်တွေကို တိပ်မြုပ်မှုလို့ ခေါ်တယ်၊ ကုသတယ်ဆိုတာက ဖိဆန်ခြင်းကို အရင်ဖြိုပစ်ရတယ်၊ ပြိုသွားမှ တိမ်မြုပ်မှုက ပေါ်လာတယ်၊ ပေါ်လာတော့မှ ဘာဖြစ်လို့ ဘာဖြစ်တယ်ဆိုတာ နားလည်တယ်၊ အဲဒီလို နားလည်သွားရင် ကုသသူဟာ ရောဂါရှင်ကို အမြင်တည့်ပေးနိုင်တယ်၊ အမြင်တည့်ရင် ရောဂါပျောက်သွားတာပါပဲ"

ဦးနေအောင်က ဖူးခနဲ သက်ပြင်းမှုတ်ထုတ်လိုက်သည်။

"ကျွန်တော် သဘောပေါက်ပါပြီ ဆရာ၊ အခု ကျွန်တော်လာတာက မွန်မွန့်ကို ဆရာ အဲ . . . ကုသပေးနိုင်မလားလို့ပါ၊ ဟိုဒင်း စုံစမ်းရင်း လာအပ်တာပါ"

"ဘယ်သူက ညွှန်လိုက်တာလဲ"

"ညွှန်လိုက်တာတော့ မဟုတ်ပါဘူး၊ ဆရာ့ကို ကျွန်တော်က အစက စိတ်ပညာကို **(ဆက်လက်ဖော်ပြပါမည်)**

> "ချူရိုးဆစ်ရောဂါတစ်မျိုးက ရုပ်ခန္ဓာ ဘာမှမဖြစ်ဘဲ ရုပ်ဝေဒနာရတာ၊ အဲဒီမှာ နှစ်ပိုင်းရှိတယ်၊ တစ်ပိုင်းက အာရုံတရား ချို့ယွင်းသွားတာ၊ ဥပမာ မမြင်ဘူး၊ မကြားဘူး၊ အထိအတွေ့မသိဘူး၊ တစ်ပိုင်းကတော့ အာရုံတရားက အကောင်း၊ ဒါပေမယ့် လှုပ်ရှားမှု ချို့ယွင်းသွားတာ၊ မလှုပ်နိုင်ဘူး၊ မကိုင်နိုင်ဘူး၊ မလျှောက်နိုင်ဘူး"


**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာချက်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ၁၂လမ်း၊ အမှတ်-၃၆၊ ၅လွှာ(မြောက်ဘက်ခြမ်း)တွင်ရှိ (၁၂ ၁/၂ပေ × ၅၀ပေအကျယ်အဝန်းရှိ)လူနေတိုက်ခန်း(တစ်)ခန်းနှင့်တကွ ၎င်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်နွယ်သက်ဆိုင်သည့် စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူနေထိုင်ပိုင်ဆိုင်ထားကြောင်း မိမိကိုယ်တိုင်အဆိုပါအခန်းအား လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဖြင့် ပြောဆိုကမ်းလှမ်းလာသူ ဦးအောင်ကြီး[၁၂/တမန(နိုင်)၀၈၁၃၈၂]ကိုကိုင်ဆောင်သူထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါ နေအိမ်တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဝင်းစိန်(စဉ်-၁၃၃၅/၁၉၇၂)** B.A(Law),LL.B, D.B.L,D.M.L **တရားလွှတ်တော်ရှေ့နေ**

**ကေခိုင်သူရ(စဉ်-၂၄၂၃၃)** LL.B, LL.M **အထက်တန်းရှေ့နေ**

**High See 12 Lawyers Associate**

**အမှတ်(၃၃)ဘီ၊ အင်းယားမြိုင်လမ်း၊ ခရေမြိုင်လမ်းသွယ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**



**အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ တိုက်အမှတ်(၄၇၁)၊ အခန်းအမှတ်(၅၀၄)၊ ရာဇာဓိရာဇ်အိမ်ရာနေ ဦးလှမြင့်[၁၂/ဗတထ(နိုင်) ၀၀၉၈၁၈]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ မြယာရိုးကျေးရွာ၊ မြိုင်သာယာကွက်သစ်၊ အမှတ်(၁)ရပ်ကွက်၊ (၁၅)လမ်းရှိ မြေကွက်အမှတ်(၆၉၄)၊ အကျယ်အဝန်းပေ(၂၀× ၆၀)ဟုခေါ်တွင်သော မြေကွက်ကို ၁၉၉၈ခုနှစ်မှစ၍ ဦးကျော်ခင်ဆိုသူထံမှ ဝယ်ယူကာလက်ရှိထား စီမံခန့်ခွဲခွင့်နှင့် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေက ၁၉၉၈ခုနှစ်ကတည်းက လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည့် အထက်ဖော်ပြပါမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေ သိရှိသဘောတူညီချက် တစ်စုံတစ်ရာမရှိဘဲ မည်သူမျှ ကျူးကျော်ခြင်း၊ ခြံစည်းရိုးခတ်ခြင်း၊ ဝင်ရောက်နေထိုင်ခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းဝယ်ခြင်း၊ ပေးကမ်းခြင်းများ မပြုလုပ်ပါရန် အတိအလင်းအသိပေးတားမြစ်လိုက်ပါသည်။ လိုက်နာခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲအရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မိုးမိုးအေး (စဉ်-၇၄၅၂) တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၇၁)၊ (၇)လွှာ၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၁ ၉၀၀၀၅၂၃၊ ၀၉ ၅၀၈၅၇၆၂**



**အမွေပြတ်စဲကြောင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကလေးရပ်ကွက်၊ တိုက်(၆၆/၇၂)၊ အခန်း(၃၀၂)၊ ပင်မထီးတန်းအိမ်ရာစခန်းနေ ဦးမြင့်ဌေး[၁၂/ကမတ(နိုင်)၀၂၆၇၃၂]၊ ဒေါ်ခင်စန်းရီ[၁၂/ကမတ(နိုင်)၀၂၆၇၆၂]ကိုင်ဆောင်သူများ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်များဖြစ်သော ဦးမြင့်ဌေး၊ ဒေါ်ခင်စန်းရီတို့မှ မွေးဖွားသော သမီး မသီရိအောင်[၁၂/ကမတ(နိုင်)၀၆၂၀၃၈]သည် မိဘ၏ ဆုံးမမှုကိုနာခံခြင်းမရှိစေဘဲ မိဘကိုစိတ်၏ဆင်းရဲခြင်း၊ ကိုယ်၏ဆင်းရဲခြင်းများပြုလုပ်သည့်အပြင် မိဘကိုပုန်ကန်စေပြီး၊ မိဘ၏အရိပ်အာဝါသအောက်မှ ထွက်ခွာသွားပြီး၊ မိဘ၏သြဇာကို တော်လှန်သည့်အပြင် မဖွယ်မရာကြမ်းတမ်းသော အပြုအမူပြောဆိုပြီး တော်လှန်၍ရန်သူသဖွယ်ပြုကျင့်သည့်အပြင်၊ သားသမီးတို့၏ကျင့်ဝတ်တရားပျက်ပြားစေသည့်အပြင်၊ အမျိုးမျိုးအဖုံဖုံ မိဘ၏စီးပွားရေးများကို ဖျက်လိုဖျက်ဆီး ဆောင်ရွက်သွားပါသဖြင့် ဤကြေညာသည့်နေ့မှစ၍ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်၍ လုံးဝတာဝန်မယူကြောင်း အသိပေးကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**

**ဦးစိုးညွှန့်နိုင် (စဉ်-၃၀၈၈၀)**

**LL.B, DBL**

**အထက်တန်းရှေ့နေ**

**အမှတ်-၅၅၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်**

**ဖုန်း-၆၁၀၆၁၈ တ/ဆ၊ ၀၉-၇၃၁၄၆၂၃၆**

## ဆရာ ညွှန့်ဝေမိုး B.A.(Hons.) English

*A Variety of*

**ENGLISH VOCABULARY for Students**

LEVEL - 1

စာသင်သားများအတွက်

**အင်္ဂလိပ်စာ ဝေါဟာရ ပဒေသာ**

အလယ်တန်း၊ အောက်ဆင့် (Grade 6, Grade 7) နှင့်

အလယ်တန်း၊ အထက်ဆင့် (Grade 8, Grade 9) စာသင်သားများ

အင်္ဂလိပ် ဝေါဟာရ တိုးပွားစေရန်၊ ပြင်ပ အင်္ဂလိပ်စာ ဖဟုသုတ သင်ခန်းစာများအဖြစ် လေ့လာသင်ကြားရန် သင့်တော်ပါသည်။

ထွက်ပြီ

**ရှုဝံ စာအုပ်တိုက်**

အမှတ် - ၂၁၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁ - ၃၈၅၅၉၇၊ ၀၉ - ၇၃၂၀၃၀၃၂

## "Career Opportunity"

We, a well estiblished multinational company in Myanmar since 1998, are seeking an energetic, high calibre and diligent person for the following position. Attractive remuneration package will be offered.

**Administration Officer 1 Post**

**Job Scope:** Responsible for company secretarial matters, legal matters and administration works

- Age under 40
- Holder of at least a Bachelor degree, Graduates in Law, LL.B / LL.M preferable
- At least 3 years working experience in related field, experienced in corporate matter is an advantage
- Proficiency of English in both oral and written
- Computer skill

Interested candidates shall send CV detailing knowledge and experience attached with 2 recent passport size photos, Copies of NRC, Labour Registration Card and Testimonials to G.P.O Box (875) not later than 5th April 2013. **Only short-listed candidates will be notified.** *(for local service only)*

## စာအုပ်စာပေ လှူမိတ်ဆွေ

## ပြင်ဆင်မှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ကြားသိစေသည့် အကြောင်းကြားစာ

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

## ၂၀၁၂ ခုနှစ်၊တရားမပြင်ဆင်မှုအမှတ်-၃၈၇

၁။ ဦးထွန်းမြင့် **နှင့်** ၁။ ဒေါ်သန်းသန်းကြည်

၂။ ဒေါ်မြမြဝေ

အမှတ်(၁၃၅)အေ/ဘီ၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

၂။ ဦးဝင်းအောင်

ဒေါ်ရင်ရင်လှ

အမှတ်(၇၆)၊ ရဲသူရလမ်း၊ အမှတ်(၃၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်းမြို့နယ်) ရန်ကုန်မြို့။

**(လျှောက်ထားသူ)** **(လျှောက်ထားခံရသူများ)**

၂၀၁၂ခုနှစ်၊ ဩဂုတ်လ(၁၅)ရက် နေ့စွဲပါ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမအထွေထွေမှုအမှတ်-၁၈/၂၀၁၁ အမိန့်ကို ပြင်ဆင်မှု။

အထက်အမည်ပါအမှုမှ လျှောက်ထားခံရသူများ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်အမိန့်ကို လျှောက်ထားသူက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်တမ်းတင် စာရင်းသွင်း၍ ဤပြင်ဆင်မှုကို ၂၀၁၃ ခုနှစ်၊ ဧပြီလ(၅)ရက်၊ (၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ရှေ့နေဖြစ်စေ၊ ပြင်ဆင်မှုတွင် သင်တို့အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက် ရှိခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်တို့မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ်၊ မတ်လ(၁၄)ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **အမိန့်အရ**

**(ကျော်စွာငြိမ်း)**

**ဒုတိယညွှန်ကြားရေးမှူး**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ၁၄-၃-၂၀၁၃ ကြေးမုံသတင်းစာ စာမျက်နှာ(၂၁)ပါ ဒေါ်ညို၊ ဦးအောင်ကိုကိုဇင်နှင့် ဒေါ်ခင်သန်းဝင်း[၁၂/စခန(နိုင်)၀၀၀၅၀၇]တို့ အရောင်းအဝယ်ပြုလုပ်ခြင်းကြော်ငြာအပေါ် ကန့်ကွက်ခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ ရွှေညောင်ပင်လမ်း၊ အမှတ်-၂၃/Bနေ ဒေါ်အေးမြင့်[၁၄/ဟသတ(နိုင်)၁၀၄၆၆၃]နှင့် ဒေါ်ကျင်လှိုင် [၁၄/လမန(နိုင်)၀၀၂၁၀၄]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ မြေတိုင်းအမှတ် ၂၈/B၊မြေကွက်အမှတ် ၇၈၊ တတိယတန်းစား မြေပိုင်မြေ၊ စတုရန်းပေ ၀. ၀၃၁၈ကေ၊ အမှတ်-၄၆၊ ရန်ကြီးအောင်လမ်းဟုခေါ်တွင်သော မြေနှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော အိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့သည် ဒေါ်အေးမြင့်၊ ဒေါ်ကျင်လှိုင်တို့၏ဖခင် ကွယ်လွန်သူ ဦးထွန်းရှိန် ကျန်ရစ်ခဲ့သော အမွေပုံပစ္စည်းဖြစ်ပါသည်။

အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ဒေါ်အေးမြင့်နှင့် ဒေါ်ကျင်လှိုင်တို့ ကိုယ်တိုင်ခွင့်ပြုချက်မရရှိဘဲ ကွယ်လွန်သူ ဦးထွန်းရှိန်၏ ဒုတိယဇနီး၊ဒေါ်ညို(ခ)ဒေါ်စိန်ညို အပါအဝင် အခြားမည်သူမျှ မိမိသဘောဖြင့် ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ အခြားနည်းဖြင့်လွှဲပြောင်းခြင်းများ(လုံးဝ) မပြုလုပ်ရန် တားမြစ်ကန့်ကွက်ပါသည်။ အကယ်၍ အထက်ပါပစ္စည်းကိုလွှဲပြောင်းရယူထားသူ (သို့)လွှဲပြောင်းရယူရန် ဆောင်ရွက်နေသူများရှိပါကလည်း ပိုင်ဆိုင်မှု အပြည့်အဝမရရှိနိုင်ပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ပါက မိမိတို့၏ တာဝန်သာဖြစ်သဖြင့် တားမြစ်ကန့်ကွက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မျိုး**

**LL.B,D.B.L,D.A.Psy**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(၂၇/ဘီ)မြေညီထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၄၉၇၁၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဒေါ်လှပန်းလမ်းရှိ အမှတ်(၁၄/ဘီ)၊ မြေကွက်ပေါ်တွင် ရွှေညီအစ်ကို ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ထားသော (၅)ထပ်တိုက် အဆောက်အအုံအဖြစ်တည်ရှိသော (၄)လွှာ ခေါင်းရင်းခန်း(A/4)ဟု ခေါ်တွင်သော(၁၂×၅၅)ပေ အကျယ်အဝန်းရှိ တိုက်ခန်းကို တိုက်ခန်းပိုင်ရှင်ဖြစ်သော ဒေါ်နှင်းယဉ်မိုး(ဘ)ဦးတင်မြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/မရက(နိုင်)၀၂၂၈၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက စာချုပ်စာတမ်း မူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်တင်မမ(LL.B)** **ဒေါ်မြတ်စုထွေး(LL.B,DIL)**

**အထက်တန်းရှေ့နေ(စဉ်-၃၇၅၄၀)** **အထက်တန်းရှေ့နေ (စဉ်-၂၉၂၃၉)**

**အမှတ်(၂၀၄/အေ)၊ လှိုင်မြစ်လမ်း**

**ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၈၇၂၈၀**

## မောင်ကျော်နိုင်ဦး[၁၂/ရကန(နိုင်)၀၁၅၅၀၇]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ရန်ကင်းစင်တာ(၄)လွှာ၊C-1နေ ဒေါ်ကြည်ဟန်[၁၂/ရကန(နိုင်)၀၁၃၄၆၂]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ဒေါ်ကြည်ဟန်၏ သားဖြစ်သူ မောင်ကျော်နိုင်ဦး[၁၂/ရကန(နိုင်)၀၁၅၅၀၈]သည် မိခင်ကြီး၏ ဩဇာကို နာခံမှုမရှိခြင်း၊ မိခင်ကြီးအား ရန်သူသဖွယ်ပြုမူဆက်ဆံခြင်း၊ စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်းတို့ကြောင့် ၉-၂-၂၀၁၃ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာ-၂၀ ၌ မောင်ကျော်နိုင်ဦးအား အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ယခင်က ၆-၄-၂၀၁၂ရက်စွဲပါ "မိခင်ဖြစ်သူ ဒေါ်ကြည်ဟန်က သား ဦးကျော်နိုင်ဦးနှင့် သမီးဒေါ်ကေသီဦးအား အမွေခွဲဝေပေးခြင်း ကတိစာချုပ်"ဖြင့် ရန်ကင်းမြို့နယ်၊ ရန်ကင်းစင်တာ (၄)လွှာ၊ C-1နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မောင်ကျော်နိုင်ဦးသို့ အမွေစုအဖြစ် ခွဲဝေပေးခဲ့သော်လည်း မိခင်ကြီးအပေါ် သားသမီးဝတ္တရားပျက်ကွက်ခြင်း၊ စိတ်ဆင်းရဲအောင် ဆက်လက်ပြုလုပ်နေခြင်းများကြောင့် အမွေဝေစုအဖြစ်ပေးထားသော အဆိုပါ ရန်ကင်းစင်တာ C-1အခန်းကို အထက်ပါ စာချုပ်အပိုဒ်-၆ အရ ပြန်လည်ရုပ်သိမ်းကာ မိခင်ကြီးက ပြန်လည်သိမ်းပိုက်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အဆိုပါ အခန်းသည် မောင်ကျော်နိုင်ဦးနှင့် လုံးဝသက်ဆိုင်ခြင်း မရှိတော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ကြည်ဟန်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ကြည်ဟန်** **ဦးတင်ရှိန်(ရွှေတောင်)**

**[၁၂/ရကန(နိုင်)၀၁၃၄၆၂]** **တရားလွှတ်တော်ရှေ့နေ(၂၉၅၇/၈၄)အခန်း-A-4၊ (ပ-ထပ်)၊ ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၇၁၆/A)၊ မြေအကျယ်အဝန်း ပေ ၄၀×ပေ ၆၀၊ နှစ်(၆၀)မြေငှား ဂရန် အမည်ပေါက် (ဒေါ်ဝင်းကြည်)ဂရန်မြေပေါ်ရှိ နေအိမ်အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ပိုင်ဆိုင်သူ ဒေါ်ဝင်းကြည် [၁၂/ဥကမ(နိုင်)၀၅၈၆၀၉]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်စိုး[၇/ပခတ(နိုင်) ၀၁၇၄၇၉]နှင့် ဒေါ်ခင်သက်ထွေး[၇/ပခတ(နိုင်) ၀၄၁၆၆၈]တို့သည် အပြီးအပိုင်လက်ရောက်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဥပဒေနှင့်အညီ အပြီးအရောင်းအဝယ်အား ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်ဇင်မာမျိုး** | **ဒေါ်ညိုညိုဆင့်** | **ဒေါ်အေးအေးမြတ်** |
| **(LL.B)** | **(LL.B,DBL,DML)** | **LL.B.(Wipo Switzerland)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၃၈၆၄၃)** | **(စဉ်-၃၁၃၀၈)** | **(စဉ်-၉၉၉၆)** |

**အမှတ်(ဆ/၃)၊ သမာဓိလမ်း၊တရားရုံးဘေး၊ မြောက်ဥက္ကလာပမြို့နယ်။**

**ဖုန်း-၀၉-၅၁၃၃၉၂၄၊ ၀၉-၄၂၁၁၅၂၄၃၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ မြေကွက်အမှတ်(၄၇၃-၁/၂ခ)၊ မြေဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၇၃)၊ ဇေယျာ(၁၅)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးညွှန့်ဝေ[၁၂/ဥကတ(နိုင်)၁၂၃၈၄၇]နှင့်ဒေါ်လှထွေး[၁၂/ဥကတ(နိုင်)၁၂၃၉၃၁]တို့က အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းတို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စန္ဒာဝင်း LL.B၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၇၄)**

**အမှတ်-၈၃/၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉၇၃၀၉၄၂၈၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၁၆/၂၅၇)ဟုခေါ်တွင်သော အလျားပေ ၆၀× အနံ ပေ၆၀ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ရှင်ဖြစ်သူ ဦးစိုးမြင့် [၁၃/လရ(နိုင်)၀၁၄၅၉၉]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသောကြောင့် အဆိုပါခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယခုကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများ တစ်ပါတည်းယူဆောင်လာပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။အဆိုပါ(၇)ရက်ကျော်လွန်ပြီးသည်အထိ ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား တရားဥပဒေနှင့်အညီ ဆက်လက် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးပြည့်ငြိမ်းအောင် LL.B အထက်တန်းရှေ့နေ(စဉ်-၃၀၁၅၅)**

**အမှတ်(၁၁၈)၊ ၅-လွှာ၊ ဦးချစ်မောင်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့**

**ဖုန်း ၀၉-၄၂၁၀ ၂၇၁၇၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၆လမ်း၊ အမှတ်(၇၆)ဟုခေါ်တွင်သော (၂)ခန်းတွဲ၊ (၆)လွှာ(ခြေရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ရေမီးအပြည့်အစုံ အပါအဝင် အကျိုးခံစားခွင့်အားလုံးကို စာချုပ်စာတမ်းဖြင့် တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သည်ဟုဝန်ခံအဆိုပြုသော ကန်ထရိုက်တာဒေါ်ဥမ္မာမြင့် [၁၂/အစန(နိုင်) ၀၀၅၈၅၉] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်ကြည် B.A(R.L) (စဉ်-၁၇၄၇)** **ဒေါ်ခင်မာနွယ်B.A (LL,B),D.B.L(စဉ်-၃၉၁၉)**

**တရားလွှတ်တော်ရှေ့နေများ**

**တိုက်(၉/၁၁)၊ အခန်း(၂၀၃-ဘီ)၊ (၃၆)လမ်းထိပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၃၈၆၈၀၃**

## ၁၂-၃-၂၀၁၃ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၂၁)ပါ ကိုမောင်မောင်ဦးနှင့်အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍ မရွှေစင်[၁၃/လရန(နိုင်)၀၅၃၉၇၅]၏ မဟုတ်မမှန်ဖော်ပြချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာခြင်း

ဗိုလ်တထောင်မြို့နယ်၊ (၈)ရပ်ကွက်၊ မဟာဗန္ဓုလလမ်းနှင့် ၄၁လမ်းထောင့်၊ အမှတ်(၁၀၉) (၇)လွှာ(ဝဲခန်း)နေ ကိုမောင်မောင်ဦး[၁၃/တကန(နိုင်)၀၀၃၅၉၆]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည်နှင့် မရွှေစင်တို့မှာ လွန်ခဲ့သော(၅-၁-၂၀၀၅)ခုနှစ်ကတည်းကပင် လက်ထပ်ပေါင်းသင်းနေခဲ့ကြပြီး (၇-၇-၂၀၁၀)ရက်တွင် လင်မယားအခန့်မသင့်စဉ် ကွာရှင်းစာချုပ်အလွတ်တွင် လက်မှတ်ထိုးခြင်းပြုလုပ်ခဲ့သော်လည်း ၂၀၁၃ခုနှစ်၊ ၂လပိုင်းအထိ အထက်ပါလိပ်စာတွင် အတူပေါင်းသင်းနေထိုင်ခဲ့ကြသည်မှာ အများအသိပင်ဖြစ်သောကြောင့် ကွာရှင်းပြတ်စဲပြီးသူများ မဟုတ်ကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။ မြန်မာစာမကျွမ်းကျင်သူ ကျွန်တော်၏ဇနီးအား ဖြားယောင်းသွေးဆောင်ခြိမ်းခြောက်၍ လင်မယားနှစ်ဦးပိုင်ပစ္စည်းများကို ဥပဒေမဲ့ အလွဲသုံးစားပြုခြင်း၊ လက်လွှဲရယူခြင်းများပြုလုပ်ပါက ထိုသို့ပြုလုပ်သူများကို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်အမှုသည်၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန့်ရှုဂေးမလိန်(LL.B)တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၃၅) ဖုန်း-၀၁ ၃၉၈၃၆၉**

**အမှတ်(၅၁)၊ မြေညီထပ်(ဝဲ)၊ ၄၂လမ်း၊ (၇)ရပ်ကွက် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# နိုင်ငံခြားငွေလက်မှတ်(FEC)များကို ကြားခံအဖြစ် ဆက်လက်သုံးစွဲရန်မလိုအပ်

# FEC များ ပြန်လည်ရွေးနုတ်ယူခြင်းကို စီမံချက်ချမှတ်ဆောင်ရွက်မည်


ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှင်းလင်းတင်ပြစဉ်။ (ဓာတ်ပုံ-ခင်မောင်ဝင်း)

**နေပြည်တော် မတ် ၂၀**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၂)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းက အစီအစဉ်(၁၂)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်သမ္မတထံမှပေးပို့သော နိုင်ငံတော်၏စီးပွားရေးစနစ်အတွင်း ကြားခံအဖြစ် သတ်မှတ်သုံးစွဲလျက်ရှိသော FEC အား ပြန်လည်ရွေးနုတ်ယူမည့် ကြေညာချက်ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူပေးနိုင်ရန်သဝဏ်လွှာနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းတင်ပြပြီး လွှတ်တော်က သဘောတူကြောင်းဆုံးဖြတ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှင်းလင်းရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ်သစ်အရ နိုင်ငံခြားငွေလက်ဝယ်ထားရှိခြင်း၊ ကိုင်တွယ်သုံးစွဲခြင်း၊ လွှဲပြောင်းပေးချေမှုများပြုလုပ်နိုင်ပြီဖြစ်သည့်အတွက် နိုင်ငံတော်၏ စီးပွားရေးစနစ်အတွင်း နိုင်ငံခြားငွေလက်မှတ်(FEC)များအား ကြားခံအဖြစ် ဆက်လက်သုံးစွဲရန် မလိုအပ်တော့သည်ကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော်အတွင်း သုံးစွဲနေသော(FEC)များ ပြန်လည်ရွေးနုတ်ယူခြင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကဘဏ်များနှင့် ဆက်စပ်အဖွဲ့အစည်းများပူးပေါင်း၍ စနစ်တကျစီမံချက် ချမှတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်းဖြင့် ထည့်သွင်းတင်ပြခဲ့သည်။

ယင်းကိစ္စအပေါ် မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက "စီးပွားရေးလုပ်ငန်းတွေအတွင်း FEC ကိုရုပ်သိမ်းလိုက်မယ်ဆိုရင်ကောင်းပါတယ်၊ ဘာကြောင့်လဲဆိုတော့ မြန်မာကျပ်ငွေပိုမာသွားတာပေါ့၊ ဒေါ်လာလျော့ကျရင် ကျပ်ငွေလျော့မယ်၊ FEC ကျတော့ ဈေးကစားသလိုဖြစ်နေတယ်၊ မြန်မာ့စီးပွားရေးဘက်ကကြည့်ရင်လည်း ကိုယ့်မြန်မာကျပ်ငွေကို ယုံကြည်မှုပိုရှိလာတာပေါ့"ဟု ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ထို့နောက် "၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေးကော်မတီ သို့မဟုတ် ကော်မရှင် ဖွဲ့စည်းဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းကြောင်း"အဆိုနှင့်စပ်လျဉ်း၍ ဆက်လက် ဆောင်ရွက်နိုင်ရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံမှပေးပို့သော သဝဏ်လွှာကို လွှတ်တော်နာယက က ဖတ်ကြားတင်ပြသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့●**

အမျိုးသားလွှတ်တော်အစည်းအဝေး

# တိုင်ကြားစာပေးပို့ရာမှာ ပစ်စာသဘောမျိုးမဟုတ်ဘဲ တိုင်လိုတဲ့သူဟာ မိမိရဲ့နာမည်၊ လိပ်စာ၊ မှတ်ပုံတင်တို့နဲ့ တိတိကျကျရေးပို့ပြီးတိုင်ကြားနိုင်

နေပြည်တော် မတ် ၂၀

**ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ယနေ့တွင် အစီအစဉ်(၇)ခုဖြင့်ကျင်းပပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးတို့၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက ပြန်လည်ရှင်းလင်းဖြေကြားသည်။**

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆွေအောင်၏ **ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် အခက်အခဲများရှိနေသည့်အတွက် နိုင်ငံတော်အစိုးရအဖွဲ့မှလည်းကောင်း၊ အခြားလှူဒါန်းလိုသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး နှစ်တိုနှစ်ရှည် ချေးငွေများဖြင့်လည်းကောင်း စီမံဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ယခုအခါ လျှပ်စစ်ကဏ္ဍအပါအဝင် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများမှ ချေးငွေများ ရယူဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းလုံးအတွင်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် မဟာဓာတ်အားလိုင်းများ၊ ပင်မဓာတ်အားခွဲရုံများ၊ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားလိုင်းများ၊ ဓာတ်အားခွဲရုံငယ်များ တည်ဆောက်ခြင်းတို့ကိုသာ အဓိကဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းလုပ်ငန်းများအတွက် ရယူသည့်ချေးငွေပမာဏသည်ပင် အလွန်များပြားနေပြီဖြစ်ပါကြောင်း၊ ကျေးရွာအားလုံးသို့ ပံ့ပိုးရမည့် ဘဏ္ဍာငွေပမာဏ အလွန်များပြားမည်ဖြစ်၍ နိုင်ငံတော်ရန်ပုံငွေဖြင့် တစ်ပြိုင်နက်တည်းဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း။

နိုင်ငံတော်ဓာတ်အားစနစ်ရောက်ရှိပြီး (သို့မဟုတ်)မရောက်ရှိသေးသော ဒေသများတွင် အသေးစားနှင့်အလတ်စား ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းများဆောင်ရွက်လိုသည့် ပြည်တွင်း/

**စာမျက်နှာ ၇ ကော်လံ ၁ သို့❐**


**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦး ပြန်လည် ရှင်းလင်း ဖြေကြားစဉ်။** (ဓာတ်ပုံ-ခင်မောင်ဝင်း)


ယနေ့ **မာတိကာ**

**မြန်မာ့ရေကူးအဖွဲ့ ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၄ ခုနှင့် ကြေးတံဆိပ်လေးခု ဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်** — စာမျက်နှာ - ၂

**တစ်ပိုင်တစ်နိုင် ငါးရှဉ့်မွေးမြူရေး** — စာမျက်နှာ - ၆

**ပန်ကြပ်ဆီလတ်လေးနိုင်ငံ ဖိတ်ခေါ် ပြိုင်ပွဲ** — စာမျက်နှာ - ၁၀

**ရီဟားနား၏ ၂၀၁၂ ခုနှစ် ဂီတဖျော်ဖြေပွဲ မှတ်တမ်းရုပ်ရှင် အမေရိကန်ရုပ်သံလိုင်းမှ ထုတ်လွှင့်မည်** — စာမျက်နှာ - ၁၂


## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် မတ် ၂၀**

ယနေ့ နံနက် ၁၁ နာရီ ၃၈ မိနစ် ၁၂ စက္ကန့်အချိန်တွင် မန္တလေး မြေငလျင်စခန်းမှ မြောက်ဘက် ၆၂ မိုင်ခန့်ကွာဝေးသည့် မြန်မာနိုင်ငံပြည်တွင်း သပိတ်ကျင်းမြို့၏ အရှေ့ဘက် ငါးမိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး ၄ ဒသမ သုည အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

## ကြော်ငြာစာမျက်နှာ အပိုပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာစာမျက်နှာ အပိုရှစ်မျက်နှာ ပါရှိပါသည်။**







# KBZ BANK

## ကမ္ဘောဇဘဏ်လီမိတက် ၏ ဘဏ်ခွဲ (၁၀၀)မြောက်

## တာချီလိတ် (၂)၊ မဲခေါင်ဘဏ်ခွဲ ကို

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့ တွင်

၂၁.၃.၂၀၁၃ (ကြာသပတေးနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

**သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

<u>ဆက်သွယ်ရန်လိပ်စာ</u>

**တာချီလိတ်(၂)၊ မဲခေါင်ဘဏ်ခွဲ**

အမှတ်(၃)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မယ်ခေါင်ရပ်ကွက်

အမှတ်(၂) ထိုင်း-မြန်မာချစ်ကြည်ရေးတံတားအနီး၊ တာချီလိတ်မြို့။

ဖုန်း – (၀၈၄) ၅၃၅၀၅၊ ၅၃၅၀၆၊ ၅၃၅၀၇

ဖက်စ် – (၀၈၄) ၅၃၅၀၈၊ ၅၃၅၀၉၊ ၅၃၅၁၀

**www.kbzbank.com**

# သင်္ကြန် မှာ ပျော်ပျော် ပါးပါး "တိုးဒီ" နဲ့ အတူတူ ခရီးသွားကြစို့... တိုး ဒီ နဲ့ GO ပြီ!

- မန္တလေး~ဗုဒ္ဓဂယာ ~မန္တလေး 4-April
- ရန်ကုန်~ဗုဒ္ဓဂယာ ~ရန်ကုန် 4-April
- မန္တလေး~ဗန်ကောက်~မန္တလေး 12-April
- ဗန်ကောက်~အယုဒ္ဓယ~ ပတ္တရား 12/13-April
- ဘာလီ(အင်ဒိုနီးရှား) 11 -April
- ဗန်ကောက်~စင်ကာပူ~ မလေးရှား 11/13-April
- ကိုရီးယား 13-April
- ဖူးခက်~ဖီဖီကျွန်း~ ဂျိမ်း(စ်)ဘွန်းကျွန်း 12-April
- ဟောင်ကောင်~မကာအို ~ စန်းကျန် 13April
- ပေကျင်း~ရှန်ဟိုင်း~ ကူမင်း 12-April



အမှတ်(၁၀၉)၊ စဉ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၃၀ ၅၁၄၀၆၊ ၀၉-၇၃၀ ၅၁၄၀၇၊ ၀၁-၃၇၈ ၁၂၇၊ ၀၁-၃၇၈ ၅၀၃ မန္တလေးမြို့- ၀၂-၃၁၁၃၇

Travelling Art

Shopping Tour(Bangkok)
မတ်လ (၂၄)၊ ဧပြီလ (၇)
(၃ ညအိပ်၊ ၄ ရက်ခရီး)

ဗန်ကောက်ခရီးစဉ်
ဧပြီလ (၁၂)
(၅ ညအိပ်၊ ၆ ရက်ခရီး)
မြဘုရား၊ ဘုရင့်နန်းတော်၊ အယုဒ္ဓယ
Dream World
Safari World
ပျော်ရွှင်ဖွယ် ရေအောက်ကမ္ဘာ(Siam Ocean World)
ပတ္တရား၊ Nong Nooch ဥယျာဉ်၊ Coral Island
Shopping

**Travelling Art** Travels & Tours Co.,Ltd.
Tel : (+95) 1-531399, 1- 531471, 9-450065900, 9-43120224
No-143(B), Baho Road, Ward No.(3), Kamayut Township, Yangon, Myanmar.

| | | | |
|---|---|---|---|
| ကိုရီးယား April 10 | စင်ကာပူ သီးသန့် Mar 24, Apr 13 | ကမ္ဘောဒီးယား သီးသန့် Mar 23, Apr 13 | ဗီယက်နမ် သီးသန့် Mar 27, Apr 13 |
| ဗန်ကောက် ပတ္တရား၊ အယုဒ္ဓယ Mar 24, Apr 12,13 | စင်ကာပူ မလေးရှား Mar 24, Apr 12,13 | ကမ္ဘောဒီးယား ဗီယက်နမ် Mar 23, Apr 10,13 | ဟောင်ကောင် မကာအို၊ ကွမ်ကျိုး Mar 24, Apr 11,12 |

First Choice Travel & Tour
အမှတ်၆၆/၆၈(စီ-၄)၊ အင်းစိန်လမ်းမ၊ (စံရိပ်ငြိမ်)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
09-4210 69966
09-517 1301
09-730 59081

ရန် ကုန် တိုင်း ဒေ သ ကြီး ကွန် ပျူ တာ အ သင်း များ မှ စီ စဉ် ကျင်း ပ သော

# Yangon ICT Fair 2013

၂၀၁၃ - ခုနှစ်၊ မတ်လ (၂၂)ရက်နေ့ မှ (၂၄)ရက်နေ့အထိ။
တပ်မတော်ခန်းမ ၊ ဦးဝိစာရလမ်း ၊ ရန်ကုန်မြို့။

MCPA Yangon
MCIA Yangon

Myanmar B2B Management Magazine

## စီးပွားရေးဆိုင်ရာ ဟောပြောပွဲ

Myanmar B2B Management Magazine ACUMEN

လူကြီးမင်းတို့အနေဖြင့် စီမံခန့်ခွဲမှုအတတ်ပညာများကို ပိုမိုတွင်ကျယ်စွာ လေ့လာနိုင်စေရန်၊ စီးပွားရေးနှင့်ပတ်သက်သော အတွေ့အကြုံဗဟုသုတများ၊ နည်းပရိယာယ်များ၊ အောင်မြင်မှု၏သော့ချက်များကို သိရှိစေရန်ရည်ရွယ်၍ Myanmar B2B Management Magazine က အောက်ပါအစီအစဉ်အတိုင်း ဟောပြောပွဲ ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။



ဟောပြောမည့်အကြောင်းအရာ
**အောင်မြင်မှု၏ လျှို့ဝှက်ချက်များ**

ဟောပြောမည့်ပုဂ္ဂိုလ် – ကျော်ကျော်လှိုင် (SMART)
(Author, Chairman - Smart Group of Companies)
ကျင်းပမည့်နေ့ရက် – ၂၀၁၃ ခုနှစ်၊ မတ်လ (၂၄)ရက် (တနင်္ဂနွေနေ့)။
ကျင်းပမည့်အချိန် – မွန်းလွဲ ၂း၀၀ – ၄း၀၀
ကျင်းပမည့်နေရာ – UMFCCI - Conference Hall

( လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။ )

ဝင်ကြေး အခမဲ့

1876 HOTLINE Contact Phone No. - 09-4200 333 55, 09-42 100 7001~2

More & More Gold & Jewellery

More & More Gold & Jewellery မှ အရောင်းပြခန်းသစ် ဖွင့်လှစ်ခြင်း အခမ်းအနားကို အောက်ပါ အစီအစဉ်များဖြင့် ခမ်းနားစွာပြုလုပ်ကျင်းပပေးမည်ဖြစ်ပါသည်။

- နေ့ရက် : ၂၃.၃.၂၀၁၃ (စနေနေ့)
- အချိန် : နံနက် (၉း၀၀) မှ (၁၁း၀၀) နာရီအထိ
- နေရာ : အမှတ် (၀၁-၀၄)၊ မြေညီထပ်၊ လမ်းမတော်ပလာဇာ၊ လမ်းမတော်လမ်း၊ အလယ်ဘလောက်၊ လမ်းမတော်မြို့နယ်။

More & More Gold & Jewellery မှ အရောင်းပြခန်းသစ် ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် (၂၃.၃.၂၀၁၃ မှ ၂၄.၃.၂၀၁၃) အထိ ဝယ်ယူအားပေးသူ မိတ်ဟောင်းမိတ်သစ်များအား ကျေးဇူးတုန့်ပြန်သောအားဖြင့် ကျပ် (၅) သောင်း နှင့်အထက် ဝယ်ယူသူတိုင်းအား ပလက်တီနမ်ဆွဲကြိုး၊ ဆွဲသီး၊ မာမီးချိန်း၊ လက်ကောက်၊ လက်စွပ်များ အစရှိသည့်ပစ္စည်းများကို စလာမပါ ကံစမ်းမဲများဖောက်၍ ကျေးဇူးတုန့်ပြန်ပေးသွားမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။

No. (46), East Wing Bogyoke Aung San Market, Yangon, Myanmar.
Tel: +959 51 54877, 51 45833, 51 28246
Block B(01-04), G-Floor, Lanmadaw Plaza, Lanmadaw Street Lanmadaw Tsp, Yangon, Myanmar.
Tel: +951 241825
Email : hninwar.lin@gmail.com, www.mnmjewellery.com



## ရေနွေးရောလိမ်းရန်မလိုသော အသင့်သုံး သနပ်ခါးခရင်(မ်)

Shwe
Anti ageing Thanakha Cream
-Forever Young




ရွှေ အစဉ်နုပျိုစေသောသနပ်ခါးခရင်(မ်)

## စော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ

အဆင့်မြင့် စတီး ဘလိတ်စားသွားဆေးကြိုးများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်း၍ တပ်ဆင်ပေးနေပါသည်။

ရန်ကုန်အရောင်းခန်းမ -အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ (နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။
Ph:01-545531,01-8603141, 09-5008161
နေပြည်တော်အရောင်းခန်းမ -အမှတ်(၅၀၁)၊ ရာဇဌာနီလမ်းမကြီး၊ ပေါင်းလောင်း ၂၊ ပျဉ်းမနားမြို့၊ နေပြည်တော်။
Ph : 067-25422, 09-49-210 551, 09-5104455
မန္တလေးအရောင်းခန်းမ -အမှတ်(၁၅၄/B)၊ ၈၃လမ်းမကြီး၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ အောင်မြေသာဇံမြို့နယ်၊
Ph:02-73191, 09-5140655, 09-402571300

## PANDA (အင်ဂျင်နီယာအဖွဲ့)

-Air-con၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ Boiler၊ အဝတ်ခြောက်စက် ရောင်းဝယ်၊ ပြုပြင်၊ တပ်ဆင်၊ ဆေးကြောလဲလှယ်ခြင်းများကို အိမ်အရောက် ဆောင်ရွက်ပေးနေပါသည်။

★ON SALE
> Branded-New Air-Cons
> Good Second Hand Air-Cons (တစ်နှစ်အာမခံ)
> Refrigerators



★
| | | |
|---|---|---|
| 110V Vertical | - | 75,000 to 100,000 Ks |
| SplitType | 1 & 1.5 H.P - | 100,000 Ks |
| Window Type | 1 & 1.5 H.P - | 90,000 Ks |

အမှတ် (၃၀)၊ ဒေါ်သိန်းတင်လမ်း၊ (၉၂)လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်၊
09 515 8803,09 732 29024, 09 519 8402


ပြည်သူ့အတွက်
SKY NET
Direct To Home (DTH)
မိမိ မိသားစု သူငယ်ချင်း အပေါင်းအသင်းများနဲ့အတူသုတ၊ ရသ ၊ ကဏ္ဍစုံလင်စွာ ပျော်ရွှင်ကြည်နူးမှု အပြည့်နဲ့
ခံစားနိုင်စေမည့် SKYNET (DTH) ရုပ်သံလိုင်း
ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား နိုင်ငံတစ်ဝှမ်းလုံးရှိမိဘပြည်သူညီအစ်ကိုမောင်နှမများ
အားလုံးနှင့်အတူ၂၀၁၃ ခုနှစ်မြန်မာ့ရိုးရာအတာသင်္ကြန်ကာလကိုပျော်ရွှင်ဝမ်းမြောက်စွာကြိုဆိုသောအားဖြင့်၂၀၁၃ ခုနှစ်
မတ်လ(၉)ရက်နေ့မှဧပြီလ(၁၂)ရက်နေ့အထိကာလအတွင်း SKYNET (DTH) HD စက်များအားလက်ရှိရောင်းချပေးနေသော
ဈေးနှုန်း (၅၅,၀၀၀) ကျပ်အစား (၄၅,၀၀၀) ကျပ်ဖြင့်မိဘပြည်သူများသက်သက်သာသာဝမ်းမြောက်စွာဝယ်ယူ၍အတာသင်္ကြန်
ကာလအားလပ်ရက်များတွင်အပန်းဖြေအနားယူရင်းအားပေးကြည့်ရှုနိုင်ပါကြောင်းရှိသေလေးစားစွာသတင်းကောင်းပါးအပ်ပါသည်။
SKY NET
DTH
Full HD
1080 p
~~55,000 Kyats~~
45,000 Kyats
+
ကြည့်ရှု
ခွင့်သက်တမ်း
ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူညီအစ်ကိုမောင်နှမများခင်ဗျား
SKYNET (DTH) ရုပ်သံလိုင်းသက်တမ်းရှိသူများနှင့်
အသစ်ထပ်မံဝယ်ယူသူများအားလုံးတို့ကိုကျေးဇူးတုံ့ပြန်သောအားဖြင့်
၂၀၁၃ ခုနှစ် မေလ (၂၅) ရက်နေ့ အင်္ဂလန်နိုင်ငံ
ဝင်ဘာလေကွင်း တွင်ကျင်းပမည့် ဥရောပချန်ပီယံလိဂ် ဗိုလ်လုပွဲကြီးအား
ကိုယ်တိုင်သွားရောက်ကြည့်ရှုရင်ခုန်ခံစားနိုင်ရန်ပါဝင်ကံစမ်းခွင့်
ရရှိမည်ဖြစ်ပါကြောင်းရှိသေလေးစားစွာသတင်းကောင်းပါးအပ်ပါသည်။